| ၅။ | ဒေါ်ဟေမာန်နှင်း<br>တ/၃၄၀၂ | ရန်ကင်း<br>ရန်ကုန်တိုင်းဒေသကြီး |
| ၆။ | ဒေါ်ဇာခြည်လှိုင်<br>တ/၃၄၁၀ | သာကေတ<br>ရန်ကုန်တိုင်းဒေသကြီး |
| ၇။ | ဒေါ်မေစုစုအောင်<br>တ/၃၄၅၇ | သာယာဝတီ<br>ပဲခူးတိုင်းဒေသကြီး |

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### အမိန့်ကြော်ငြာစာအမှတ် (၉၉၉/၂၀၁၉)

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်

(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ပထမတန်းရာဇဝတ်အာဏာရ မြို့နယ်တရားသူကြီးနှင့် တွဲဖက်မြို့နယ်တရားသူကြီးတို့အား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၀ အရ အထူးရာဇဝတ်အာဏာအပ်နှင်းလိုက်သည်-

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး |
|---|---|---|
| ၁။ | ဒေါ်အေးစန္ဒာဟိန်း<br>တ/၂၉၃၆ | အိမ်မဲ<br>ဧရာဝတီတိုင်းဒေသကြီး |
| ၂။ | ဒေါ်ဝင်းစန္ဒာဦး<br>တ/၃၁၀၆ | ပုဇွန်တောင်<br>ရန်ကုန်တိုင်းဒေသကြီး |

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**အမိန့်ကြော်ငြာစာအမှတ် (၁၀၀၀/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ တန်ဆောင်လမုန်းပြည့်ကျော် ၇ ရက်

(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်တရားရုံးမှ ပထမတန်းရာဇဝတ်အာဏာရ တွဲဖက်မြို့နယ်တရားသူကြီး ဦးအောင်ကျော်ဆန်း (တ/၃၁၆၈) အား မြို့နယ်တရားသူကြီးတာဝန် ထမ်းဆောင်နေစဉ်ကာလအတွင်း ကျင့်သုံးနိုင်ရန်အလို့ငှာ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၀ အရ အထူးရာဇဝတ်အာဏာအပ်နှင်းလိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် (၂၃၃/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၅ ရက်

(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်)

**မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ အစားထိုးတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ဦးအောင်ဇော် ကို ရန်ကုန်တိုင်းဒေသကြီး၊ ကိုကိုးကျွန်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌအဖြစ် စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တာဝန်ပေးအပ်လိုက်သည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် (၂၃၄/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၅ ရက်

(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်)

**မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ အစားထိုးတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ဦးကျော်ကျော်ဝင်း ကို ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌအဖြစ် စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တာဝန်ပေးအပ်လိုက်သည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် (၂၃၅/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက်

(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်)

**မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ဦးစောကျော်လင်း ကို ကချင်ပြည်နယ်၊ ဗန်းမော်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင် (၃) အဖြစ် စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တာဝန်ပေးအပ်လိုက်သည်။

လှသိန်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် (၂၃၆/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက်

(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်)

**အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ (Inn National League Party) ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ညောင်ရွှေမြို့၊ ကံသာရပ်၊ တိတ်နန်းတံတားအနီး ရုံးကြီးလမ်းတွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ (Inn National League Party)** ကို ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ (Inn National League Party)** ၏ မှတ်ပုံတင်အမှတ်သည် (၁၂၄) ဖြစ်ပါသည်။

လှသိန်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် (၂၃၇/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၇ ရက်

(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်)

**မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်အဖြစ် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များကို စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တာဝန်ပေးအပ်လိုက်သည်-

| **စဉ်** | **အမည်** | **တာဝန်** |
|---|---|---|
| (၁) | ဦးဦးခင်မောင် | ဥက္ကဋ္ဌ |
| (၂) | ဦးကျော်မြ | အဖွဲ့ဝင် (၁) |

လှသိန်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် (၂၃၈/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၈ ရက်

(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်)

**ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ဦးစိုင်းဆိုင်ပူး ကို ရှမ်းပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင် (၇) အဖြစ် စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တာဝန်ပေးအပ်လိုက်သည်။

လှသိန်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် (၂၃၉/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၈ ရက်

(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်)

**မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ဦးစိုင်းစေလှ ကို ရှမ်းပြည်နယ်၊ မိုင်းယောင်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင် (၅) အဖြစ် စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တာဝန်ပေးအပ်လိုက်သည်။

လှသိန်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် (၉၆/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်

(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်)

**မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ပညာရေးဆပ်ကော်မတီဖွဲ့စည်းခြင်း**

၁။ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီသည် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မ ၉၂၊ ပုဒ်မခွဲ (ခ) တို့အရ **မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ပညာရေးဆပ်ကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ညွှန်ကြားရေးမှူးချုပ်<br>အခြေခံပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |

(ဂ) ကိုယ်စားလှယ်တစ်ဦး　အဖွဲ့ဝင်
ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန
ပညာရေးဝန်ကြီးဌာန

(ဃ) ကိုယ်စားလှယ်တစ်ဦး　အဖွဲ့ဝင်
နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန
ပညာရေးဝန်ကြီးဌာန

(င) ကိုယ်စားလှယ်တစ်ဦး　အဖွဲ့ဝင်
အားကစားနှင့် ကာယပညာဦးစီးဌာန
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

(စ) ညွှန်ကြားရေးမှူး　အဖွဲ့ဝင်
လူမှုဝန်ထမ်းဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဆ) ညွှန်ကြားရေးမှူး　အဖွဲ့ဝင်
ပြန်လည်ထူထောင်ရေးဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဇ) ကိုယ်စားလှယ်တစ်ဦး　အဖွဲ့ဝင်
မြန်မာနိုင်ငံပညာရေးကောင်စီ

(ဈ) ကျောင်းအုပ်ကြီး　အဖွဲ့ဝင်
မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုဌာနချုပ်

(ည) ကိုယ်စားလှယ်တစ်ဦး　အဖွဲ့ဝင်
World Education

(ဋ) ကိုယ်စားလှယ်တစ်ဦး　အဖွဲ့ဝင်
မြန်မာနိုင်ငံအထူးပညာရေးအသင်း

(ဌ) ကိုယ်စားလှယ်တစ်ဦး　အဖွဲ့ဝင်
မြန်မာနိုင်ငံဒေါင်းဆင်ဒရုန်းအသင်း

(ဍ) ကိုယ်စားလှယ်တစ်ဦး　အဖွဲ့ဝင်
မြန်မာနိုင်ငံနားမကြားလူမှုအဖွဲ့အစည်း

(ဎ) ကိုယ်စားလှယ်တစ်ဦး　အဖွဲ့ဝင်
iSchool (မြန်မာ)

(ဏ) ကိုယ်စားလှယ်တစ်ဦး　အဖွဲ့ဝင်
ပြင်ဦးလွင်မျက်မမြင်ကျောင်း

(တ) ကိုယ်စားလှယ်တစ်ဦး　အဖွဲ့ဝင်
ကမ္ဘာ့ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့အစည်း (မြန်မာ)

(ထ) ကိုယ်စားလှယ်တစ်ဦး　အဖွဲ့ဝင်
Save the Children

(ဒ) ကိုယ်စားလှယ်တစ်ဦး　အဖွဲ့ဝင်
Voluntary Service Overseas (VSO)

(ဓ) ကိုယ်စားလှယ်တစ်ဦး　အဖွဲ့ဝင်
မေရီချက်ပ်မင်း နားမကြားသောကလေးများကျောင်း

(န) ကိုယ်စားလှယ်တစ်ဦး　အဖွဲ့ဝင်
မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့

(ပ) ကိုယ်စားလှယ် (၅) ဦး — အဖွဲ့ဝင်
မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်

(ဖ) ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
ကမ္ဘာ့ကလေးများရန်ပုံငွေအဖွဲ့ (မြန်မာ)

(ဗ) ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
ရွှေမင်းသားဖောင်ဒေးရှင်း

(ဘ) ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
မြန်မာနိုင်ငံမျက်မမြင်အသင်း

(မ) ဦးအောင်ထွန်းခိုင် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း)

(ယ) ညွှန်ကြားရေးမှူး — အတွင်းရေးမှူး
အခြေခံပညာဦးစီးဌာန
ပညာရေးဝန်ကြီးဌာန

(ရ) ကိုယ်စားလှယ်တစ်ဦး — တွဲဖက်အတွင်းရေးမှူး
ဧဒင်မသန်စွမ်းသက်ငယ်များပြုစုရာရိပ်မြုံ

၂။ ပညာရေးဆပ်ကော်မတီ၏ လုပ်ငန်းတာဝန်ဝတ္တရားများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီ၏လမ်းညွှန်ချက်များနှင့်အညီ လုပ်ငန်းတာဝန်ဝတ္တရားများအား အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) လူတိုင်းအကျုံးဝင်ပညာရေးနှင့်စပ်လျဉ်းသည့် မူဝါဒများ၊ အစီအစဉ်များကို အကောင်အထည်ဖော်မှုနှင့် ထိရောက်မှုအား စောင့်ကြည့်လေ့လာခြင်း၊ လိုအပ်ချက်များကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း သို့မဟုတ် အသစ်ပြဋ္ဌာန်းခြင်းပြုလုပ်နိုင်ရန်နှင့် သင့်တော်သည့်အချိန်ကာလအတွင်း ပြဋ္ဌာန်းပေးနိုင်ရေး တွန်းအားပေးဆောင်ရွက်ခြင်း၊ အကြံပြုခြင်း၊

(ဂ) နိုင်ငံတော်မှ မသန်စွမ်းမှုအလိုက် သင်တန်းကျောင်းများ တိုးချဲ့ဖွင့်လှစ်ပေးနိုင်ရန်လေ့လာခြင်း၊ ပုဂ္ဂလိကပညာသင်အထူးကျောင်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပံ့ပိုးကူညီပေးနိုင်မည့် နည်းလမ်းများကို ဖော်ထုတ်ခြင်း၊ အထူးကျောင်းလိုအပ်ချက်ကို စဉ်ဆက်မပြတ် လေ့လာစောင့်ကြည့်ခြင်းတို့နှင့်စပ်လျဉ်း၍ လုပ်ငန်းကော်မတီထံ ပုံမှန်အစီရင်ခံတင်ပြခြင်း၊

(ဃ) မသန်စွမ်းမှုအမျိုးအစားအလိုက် သင်ကြားပေးနိုင်မည့် ကျွမ်းကျင်ဆရာ၊ ဆရာမများမွေးထုတ်နိုင်ရေးအတွက် လေ့ကျင့်သင်ကြားရန်၊ အရည်အသွေးမြှင့်သင်တန်းများ ဖွင့်လှစ်ပို့ချရန်နှင့် သက်ဆိုင်ရာကျောင်းများတွင် ခန့်ထားရန်တို့ကို စီစဉ်ဆောင်ရွက်ပေးရန် သက်ဆိုင်ရာဌာနများသို့ တိုက်တွန်းခြင်းနှင့် ညှိနှိုင်းအကြံပြုခြင်း၊

(င) ဆရာ၊ ဆရာမများ၏ သင်ကြားမှုစွမ်းဆောင်ရည်ကို လေ့လာဆန်းစစ်ခြင်းနှင့် အကျိုးသက်ရောက်မှုများအား သက်ဆိုင်ရာဌာနများသို့ သုံးသပ်အကြံပြုခြင်း၊

(စ) အမြင်အာရုံမသန်စွမ်းသူများအပါအဝင် မသန်စွမ်းမှု (၁) မျိုးထက် ပိုသူများအတွက် သင့်တော်သည့် သင်ကြားရေးနည်းစနစ်များ ဖွံ့ဖြိုးတိုးတက်စေရေး၊ ICT အခြေခံ Software များ ဖွံ့ဖြိုးတိုးတက်စေရေး၊ ပြည်တွင်းတွင် ထုတ်လုပ်နိုင်ရန် နည်းပညာနှင့်ဆက်စပ်ပစ္စည်းများ တင်သွင်းရာ၌ ပိုမိုလွယ်ကူလျင်မြန်လာစေရေးတို့အတွက် လက်ရှိစနစ်များအား လေ့လာပြီး အားနည်းချက်များအား ဖော်ထုတ်ခြင်း၊

(ဆ) အကြားအာရုံမသန်စွမ်းသူများအတွက် နားမကြားပညာရေး (Deaf Education) ကို အကောင်အထည်ဖော်ပေးနိုင်ရန် စဉ်ဆက်မပြတ်နှိုးဆော်ခြင်း၊ ပေါင်းစပ်ညှိနှိုင်းပေးခြင်းနှင့် အကောင်အထည်ပေါ်လာစေရေး တင်ပြဆောင်ရွက်ခြင်း။

ဟင်နရီဗန်ထီးယူ
ဥက္ကဋ္ဌ
မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ

## အမိန့်ကြော်ငြာစာအမှတ် (၀၂/ ၂၀၁၉)

၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက်

(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်)

### ခရီးသွားလုပ်ငန်းကော်မတီတွင် အဖွဲ့ဝင်အစားထိုးပြင်ဆင်ဖွဲ့စည်းခြင်း

အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ၏ ၂၀၁၉ ခုနှစ်၊ မတ်လ ၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁/ ၂၀၁၉ ဖြင့် ဖွဲ့စည်းခဲ့သည့် ခရီးသွားလုပ်ငန်းကော်မတီတွင် အဖွဲ့ဝင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဇော်မင်း **အစား** လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဦးမြင့်အောင် ကို အဖွဲ့ဝင်အဖြစ် အစားထိုးပြင်ဆင်ဖွဲ့စည်းလိုက်သည်။

ဟင်နရီဗန်ထီးယူ

ဥက္ကဋ္ဌ

အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြည်ထဲရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၈၀၅/ ၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၆ ရက်

(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲအရာရှိလေ့ကျင့်ရေးကျောင်းမှ ကျောင်းအုပ်ကြီး ရဲ ၁၅၆၈ ယာယီရဲမှူးချုပ် ဟန်ထွန်း အား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့် ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်နေ့မှစ၍ လက်ရှိရာထူးအဆင့် (ရဲမှူးချုပ်) တွင် အတည်ပြုခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၈၀၆/ ၂၀၁၉)

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အမှတ် (၆) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ခွဲမှ ကွပ်ကဲမှုအဖွဲ့ခွဲမှူး ရဲ ၁၇၈၇ ယာယီရဲမှူးကြီး မိုးညို အား အစမ်းခန့်ကာလ (၁) နှစ် (၆) လပြည့်မြောက်သည့် ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်နေ့မှစ၍ လက်ရှိရာထူးအဆင့် (ရဲမှူးကြီး) တွင် အတည်ပြုခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၈၁၇/ ၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၈ ရက်

(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်)

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂) ၂၀၁၉ ဖြင့် ပြည်ထဲရေးဝန်ကြီးဌာနသို့ လွှဲပြောင်းအမှုထမ်းဆောင်ခွင့်ပြုခဲ့သည့် အောက်ဖော်ပြပါအရာရှိ (၂) ဦးတို့အား ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်နေ့မှစ၍ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် ဒုတိယရဲမှူး၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်ဖြင့် ခန့်အပ်လိုက်သည်-

(၁) ကြည်း ၅၂၅၁၁ ဗိုလ်ကြီး မိုးသူ
စစ်ဦးစီးတက္ကသိုလ်

(၂) ကြည်း ၆၃၆၈၀ ဗိုလ်ကြီး ဖြိုးကို
အမှတ် (၄၁၄) ခြေမြန်တပ်ရင်း

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၈၂၈/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၁၄ ရက်

(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်)

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂) ၂၀၁၉ ဖြင့် ပြည်ထဲရေးဝန်ကြီးဌာနသို့ လွှဲပြောင်းအမှုထမ်းဆောင်ခွင့် ပြုခဲ့သည့် အောက်ဖော်ပြပါ အရာရှိ (၂) ဦးတို့အား ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့မှစ၍ ပြည်ထဲရေး ဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် ဒုတိယရဲမှူး၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူး အဆင့်ဖြင့် ခန့်အပ်လိုက်သည်-

(၁) ကြည်း ၅၄၃၈၆ ဗိုလ်ကြီး မျိုးမြင့်အောင်
အမှတ် (၁၉) စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်

(၂) ကြည်း ၆၈၉၅၉ ဗိုလ်ကြီး သောင်းဖြိုးအောင်
အမှတ် (၆) ခြေမြန်တပ်ရင်း

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၈၃၆/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၂ ရက်

(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မှုခင်းရဲတပ်ဖွဲ့၊ မှုခင်းကြီးကြပ်ရေးနှင့် မှုခင်းမှတ်တမ်းဌာနမှ ဌာနမှူး ရဲ ၂၅၀၃ ယာယီရဲမှူးကြီး သာထွန်း အား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့် ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့မှစ၍ လက်ရှိရာထူးအဆင့် (ရဲမှူးကြီး) တွင် အတည်ပြုခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၈၃၉/၂၀၁၉)

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ တားဆီးနှိမ်နင်းရေးဌာနမှ ဌာနမှူး ရဲ ၁၇၀၂ ယာယီရဲမှူးကြီး ဇော်လင်း အား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့် ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်နေ့မှစ၍ လက်ရှိရာထူးအဆင့် (ရဲမှူးကြီး) တွင် အတည်ပြုခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၈၄၅/၂၀၁၉)

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ မကွေးတိုင်းဒေသကြီးရုံးမှ (စ/၀၅၈၉) ညွှန်ကြားရေးမှူး ဦးကံရှိန် အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအပိုဒ် ၈၁ အရ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်နေ့မှ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၂ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၃ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၄၄၅/၂၀၁၉)**

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၈ ရက်

(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ လစာနှုန်း (၂၁၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) အဆင့်ရှိ အောက်ဖော်ပြပါ ပုံဆွဲ (၁) (၂) ဦးအား ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေး အမှတ်စဉ် (၂၄/၂၀၁၉) ၏ သဘောတူညီချက်အရ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ဆည်မြောင်း) တွင် လစ်လပ်လျက်ရှိသည့် လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အဆင့်ရှိ ဦးစီးအရာရှိ (ပုံဆွဲ) ရာထူးနေရာများသို့ စတင်သတင်းပို့တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | လက်ရှိရာထူး | တိုးမြှင့်ခန့်ထားသည့်ရာထူး |
|---|---|---|---|
| (က) | ဒေါ်ချိုနွယ်သန်း | ပုံဆွဲ (၁) | ဦးစီးအရာရှိ (ပုံဆွဲ) |
| (ခ) | ဦးစောနိုင် | ပုံဆွဲ (၁) | ဦးစီးအရာရှိ (ပုံဆွဲ) |

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၄၄၇/၂၀၁၉)**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ လစာနှုန်း (၂၁၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) အဆင့်ရှိ ရုံးအုပ် ဒေါ်နီနီခင် အား ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂၄/၂၀၁၉) ၏ သဘောတူညီချက်အရ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ဆည်မြောင်း) တွင် လစ်လပ်လျက်ရှိသည့် လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အဆင့်ရှိ ဦးစီးအရာရှိ (စီမံ) ရာထူးနေရာသို့ စတင်သတင်းပို့တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၄၄၉/၂၀၁၉)**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ လစာနှုန်း (၂၁၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) အဆင့်ရှိ စာရင်းကိုင်-၁ ဒေါ်ချိုဝါဝါထွန်း အား ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေး အမှတ်စဉ် (၂၄/၂၀၁၉) ၏ သဘောတူညီချက်အရ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ဆည်မြောင်း) တွင် လစ်လပ်လျက်ရှိသည့် လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အဆင့်ရှိ ဦးစီးအရာရှိ (ငွေစာရင်း) ရာထူးနေရာသို့ စတင်သတင်းပို့တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

ဒေါက်တာအောင်သူ

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၁၉/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက်

(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၆ ရက်)

## ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်၊ သစ်တောဥပဒေပုဒ်မ - ၆၊ ပုဒ်မခွဲ (င) အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ နတ်မောက်မြို့နယ်အတွင်းရှိ အောက်ဖော်ပြပါ နယ်နိမိတ်များအတွင်း ကျရောက်နေသည့်၊ ဧရိယာအကျယ်အဝန်း (၁,၂၄၉) ဧကရှိသောနယ်မြေကို "မဂ္ဂလ (၁) ကြိုးပြင်ကာကွယ်တော" အဖြစ် ၁၃၈၁ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက် (၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၆ ရက်) မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

၂။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

မြောက်ဘက် ။ တံခွန်တိုင် - ရေယိုသွားလှည်းလမ်းအရှေ့ဘက် ခန့်မှန်းမြေပုံညွှန်း (U-၆၈၉၆၈၀) မှအစပြု၍ အရှေ့ဘက်သို့ ၃ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-၆၉၅၆၇၉) အထိ၊ ထိုမှ အနောက်ဘက်သို့ ၂. ၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-၆၉၁၆၈၃) အထိ၊ ထိုမှ အရှေ့ဘက်သို့ ၁ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-၆၉၃၆၈၃) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ ၃ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-၆၉၈၆၈၉) အထိ၊ ထိုမှ အရှေ့ဘက်သို့ ၂. ၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-၇၀၄၆၈၉) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ချောင်းလက်တက်များကိုဖြတ်၍ ၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-၇၁၁၆၇၉) အထိ၊

အရှေ့ဘက် ။ ထိုမှ အရှေ့တောင်ဘက်သို့ ၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-၇၁၆၆၇၇) အထိ၊ ထိုမှ တောင်ဘက်သို့ ၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-၇၁၆၆၇၂) အထိ၊ ထိုမှ အရှေ့ဘက်သို့ ၂ ဖာလုံခန့်လာရာ နတ်မောက်-မကွေးကားလမ်းနှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (U-၇၂၀၆၇၀) အထိ၊ ထိုမှ တောင်ဘက်သို့ နတ်မောက်-မကွေးကားလမ်းအတိုင်း ၃ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-၇၁၉၆၆၄) အထိ၊ ထိုမှ အနောက်ဘက်သို့ ၂. ၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-၇၁၄၆၆၈) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ၁ ဖာလုံခန့်လာရာ ရေယိုချောင်းနှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (U-၇၁၂၆၆၅) အထိ၊

တောင်ဘက် ။ ထိုမှ အနောက်မြောက်ဘက်သို့ ၁ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-၇၁၀၆၆၈) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-၇၀၆၆၆၇) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ၂ ဖာလုံခန့်လာရာ ရေယိုချောင်းနှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (U-၇၀၉၆၆၄) အထိ၊ ထိုမှ တောင်ဘက်သို့ ရေယိုချောင်းအတိုင်း ၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-၇၀၈၆၅၉) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ၁ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-၇၀၆၆၆၁) အထိ၊ ထိုမှ အနောက်ဘက်သို့ ၁ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-၇၀၃၆၆၁) အထိ၊ ထိုမှ မြောက်ဘက်သို့ ၅ သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-၇၀၃၆၆၃) အထိ၊ ထိုမှ အနောက်ဘက်သို့ ၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-၇၀၀၆၆၄) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ၄ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-၇၀၆၆၅၈) အထိ၊ ထိုမှ အနောက်ဘက်သို့ ၃ ဖာလုံခန့်လာရာ ရေယိုချောင်းနှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (U-၇၀၁၆၅၆) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ၄ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-၆၉၃၆၆၂) အထိ၊

အနောက်ဘက် ။ ထိုမှ အနောက်ဘက်သို့ ၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-၆၈၈၆၆၃) အထိ၊ ထိုမှ မြောက်ဘက်သို့ ၆ သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-၆၈၉၆၆၅) အထိ၊ ထိုမှ အနောက်ဘက်သို့ ၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-၆၈၅၆၆၇) အထိ၊ ထိုမှ မြောက်ဘက်သို့ ၆ သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-၆၈၅၆၆၈) အထိ၊ ထိုမှ အရှေ့ဘက်သို့ ၁ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-၆၈၈၆၆၉) အထိ၊ ထိုမှ အနောက်ဘက်သို့ ၁ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-၆၈၆၆၇၀) အထိ၊ ထိုမှ မြောက်ဘက်သို့ ၄ ဖာလုံခန့်လာရာ မူလစတင်ခဲ့သည့် ခန့်မှန်းမြေပုံညွှန်း (U-၆၈၉၆၈၀) အထိ။

## ချန်လှပ်ကွက် (၁) ဧရိယာ (၄. ၇၂) ဧက၏ နယ်နိမိတ်အလားအလာ

မြောက်ဘက် ။ ခန့်မှန်းမြေပုံညွှန်း (U-၆၉၄၆၈၂) မှအစပြု၍ မြောက်ဘက်သို့ ၆ သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-၆၉၅၆၈၃) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ၆ သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-၆၉၆၆၈၂) အထိ၊

အရှေ့ဘက် ။ ထိုမှ အရှေ့ဘက်သို့ ၆ သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-၆၉၇၆၈၁) အထိ၊ ထိုမှ တောင်ဘက်သို့ ၄. ၅ သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-၆၉၆၆၇၉) အထိ၊

တောင်ဘက် ။ ထိုမှ အနောက်ဘက်သို့ ၁. ၁ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-၆၉၄၆၈၀) အထိ၊

အနောက်ဘက် ။ ထိုမှ မြောက်ဘက်သို့ ၄. ၅ သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-၆၉၄၆၈၁) အထိ၊ ထိုမှ အရှေ့ဘက်သို့ ၆ သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-၆၉၅၆၈၁) အထိ၊ ထိုမှ အနောက်ဘက်သို့ ၆ သံကြိုးခန့်လာရာ မူလအစပြုသည့် ခန့်မှန်းမြေပုံညွှန်း (U-၆၉၄၆၈၂) အထိ။

## ချန်လှပ်ကွက် (၂) ဧရိယာ (၀. ၇၆) ဧက၏ နယ်နိမိတ်အလားအလာ

မြောက်ဘက် ။ ခန့်မှန်းမြေပုံညွှန်း (U-၆၉၅၆၈၄) မှအစပြု၍ မြောက်ဘက်သို့ ၅ သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-၆၉၆၆၈၅) အထိ၊ ထိုမှ အရှေ့ဘက်သို့ ၅ သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-၆၉၇၆၈၄) အထိ၊

အရှေ့ဘက် ။ ထိုမှ အရှေ့တောင်ဘက်သို့ ၅ သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-၆၉၇၆၈၃) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ၅ သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-၆၉၆၆၈၃) အထိ၊

တောင်ဘက် ။ ထိုမှ အနောက်မြောက်ဘက်သို့ ၅ သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-၆၉၅၆၈၃) အထိ၊

အနောက်ဘက် ။ ထိုမှ မြောက်ဘက်သို့ ၅ သံကြိုးခန့်လာရာ မူလအစပြုသည့် ခန့်မှန်းမြေပုံညွှန်း (U-၆၉၅၆၈၄) အထိ။

## ချန်လှပ်ကွက် (၃) ဧရိယာ (၀. ၆၂) ဧက၏ နယ်နိမိတ်အလားအလာ

မြောက်ဘက် ။ ခန့်မှန်းမြေပုံညွှန်း (U-၇၀၁၆၈၈) မှအစပြု၍ အရှေ့ဘက်သို့ ၂ သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-၇၀၂၆၈၈) အထိ၊

အရှေ့ဘက် ။ ထိုမှ တောင်ဘက်သို့ ၂ သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-၇၀၂၆၈၇) အထိ၊

တောင်ဘက် ။ ထိုမှ အနောက်ဘက်သို့ ၂ သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-၇၀၁၆၈၇) အထိ၊

အနောက်ဘက် ။ ထိုမှ မြောက်ဘက်သို့ ၂ သံကြိုးခန့်လာရာ မူလအစပြုသည့် ခန့်မှန်းမြေပုံညွှန်း (U-၇၀၁၆၈၈) အထိ။

## ချန်လှပ်ကွက် (၄) ဧရိယာ (၅၈) ဧက၏ နယ်နိမိတ်အလားအလာ

မြောက်ဘက် ။ ခန့်မှန်းမြေပုံညွှန်း (U-၆၉၈၆၇၉) မှအစပြု၍ အရှေ့မြောက်ဘက်သို့ ၁ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-၆၉၉၆၈၁) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ၁ ဖာလုံခန့်လာရာ

ခန့်မှန်းမြေပုံညွှန်း (U-၇၀၁၆၇၉) အထိ၊ ထိုမှ မြောက်ဘက်သို့ ၁ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-၇၀၃၆၈၁) အထိ၊ ထိုမှ အရှေ့ဘက်သို့ ၁ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-၇၀၄၆၈၀) အထိ၊ ထိုမှ မြောက်ဘက်သို့ ၁ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-၇၀၄၆၈၂) အထိ၊ ထိုမှ အရှေ့ဘက်သို့ ၁ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-၇၀၆၆၈၃) အထိ၊ ထိုမှ တောင်ဘက်သို့ ၁ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-၇၀၆၆၈၀) အထိ၊

အရှေ့ဘက် ။ ထိုမှ တောင်ဘက်သို့ ၁ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-၇၀၅၆၇၈) အထိ၊ ထိုမှ တောင်ဘက်သို့ ၁ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-၇၀၃၆၇၆) အထိ၊

တောင်ဘက် ။ ထိုမှ အနောက်ဘက်သို့ ၆ သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-၇၀၂၆၇၆) အထိ၊ ထိုမှ တောင်ဘက်သို့ ၁ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-၇၀၀၆၇၅) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ၁ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-၆၉၉၆၇၇) အထိ၊

အနောက်ဘက် ။ ထိုမှ အနောက်ဘက်သို့ ၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-၆၉၅၆၇၇) အထိ၊ ထိုမှ မြောက်ဘက်သို့ ၆ သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-၆၉၅၆၇၈) အထိ၊ ထိုမှ အရှေ့ဘက်သို့ ၁ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-၆၉၈၆၇၈) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ ၁ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-၆၉၉၆၇၉) အထိ၊ ထိုမှ အနောက်ဘက်သို့ ၆ သံကြိုးခန့်လာရာ မူလအစပြုသည့် ခန့်မှန်းမြေပုံညွှန်း (U-၆၉၈၆၇၉) အထိ။

## ချန်လှပ်ကွက် (၅) ဧရိယာ (၆. ၅၁) ဧက၏ နယ်နိမိတ်အလားအလာ

မြောက်ဘက် ။ ခန့်မှန်းမြေပုံညွှန်း (U-၇၀၅၆၇၆) မှအစပြု၍ အရှေ့ဘက်သို့ ၆ သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-၇၀၇၆၇၇) အထိ၊ ထိုမှ အရှေ့ဘက်ယွန်းယွန်းသို့ ၆ သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-၇၀၈၆၇၆) အထိ၊

အရှေ့ဘက် ။ ထိုမှ တောင်ဘက်ယွန်းယွန်းသို့ ၆ သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-၇၀၇၆၇၄) အထိ၊

တောင်ဘက် ။ ထိုမှ အနောက်တောင်ဘက်သို့ ၁ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-၇၀၅၆၇၅) အထိ၊

အနောက်ဘက် ။ ထိုမှ မြောက်ဘက်သို့ ၆ သံကြိုးခန့်လာရာ မူလစတင်သည့်နေရာနှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (U-၇၀၅၆၇၆) အထိ။

## ချန်လှပ်ကွက် (၆) ဧရိယာ (၂၉. ၄၅) ဧက၏ နယ်နိမိတ်အလားအလာ

မြောက်ဘက် ။ ခန့်မှန်းမြေပုံညွှန်း (U-၇၀၇၆၇၈) မှအစပြု၍ မြောက်ဘက်သို့ ၆ သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-၇၀၈၆၇၈) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ၃ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-၇၁၅၆၇၆) အထိ၊

အရှေ့ဘက် ။ ထိုမှ တောင်ဘက်သို့ ၆ သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-၇၁၅၆၇၄) အထိ၊ ထိုမှ အနောက်ဘက်သို့ ၄ သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-၇၁၄၆၇၄) အထိ၊

တောင်ဘက် ။ ထိုမှ တောင်ဘက်သို့ ၁ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-၇၁၅၆၇၂) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ၆ သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-၇၁၄၆၇၁) အထိ၊ ထိုမှ မြောက်ဘက်သို့ ၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-၇၁၁၆၇၄) အထိ၊

အနောက်ဘက် ။ ထိုမှ အရှေ့မြောက်ဘက်သို့ ၆ သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-၇၁၂၆၇၅) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ၁ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-၇၀၈၆၇၆) အထိ၊ ထိုမှ မြောက်ဘက်သို့ ၁ ဖာလုံခန့်လာရာ မူလစတင်သည့် ခန့်မှန်းမြေပုံညွှန်း (U-၇၀၇၆၇၈) အထိ။

၃။ **တားမြစ်ချက်များ**

"မဂ္ဂုလ (၁) ကြိုးပြင်ကာကွယ်တော" အတွင်း အောက်ဖော်ပြပါတို့ကို မပြုလုပ်ရန် တားမြစ်လိုက်သည်-

(က) ကျူးကျော်ဝင်ရောက် အခြေချနေထိုင်ခြင်း၊ အိမ်မွေးတိရစ္ဆာန်မွေးမြူခြင်း၊

( ခ ) မွေးမြူထားသော အိမ်မွေးတိရစ္ဆာန်များကို ခွင့်ပြုမိန့်မရရှိဘဲ စားကျက်ချခြင်း သို့မဟုတ် ဝင်ရောက်စေခြင်း၊

( ဂ ) ခွင့်ပြုမိန့်မရရှိဘဲ ပျက်စီးစေရန် တမင်ရည်ရွယ်ချက်ဖြင့် ခုတ်ထွင်ခြင်း၊ ရှင်းလင်းခြင်း၊ တူးဆွခြင်း သို့မဟုတ် မူလအနေအထားကို ယိုယွင်းစေခြင်း၊

(ဃ) ရေစီးရေလာကို ပျက်စီးစေရန် ရည်ရွယ်ချက်ဖြင့် ပျက်စီးစေခြင်း၊

( င ) ရေတွင် လျှပ်စစ်ဓာတ်အားကို ဖြတ်စီးစေခြင်း၊ ဓာတုဗေဒပစ္စည်း သို့မဟုတ် ပေါက်ကွဲစေတတ်သော အရာများ အသုံးပြုခြင်း၊ ရေတွင် အဆိပ်ခတ်ခြင်း၊

( စ ) ခွင့်ပြုမိန့်မရရှိဘဲ မည်သည့်သစ်ပင်ကိုမဆို ပျက်စီးစေခြင်း၊ သင်းသတ်ခြင်း၊ ခုတ်လှဲခြင်း၊ ပိုင်းဖြတ်ခြင်း၊ ဖောက်ထွင်းခြင်း၊

(ဆ) သစ်တောများကို မီးဖြင့် ပျက်စီးစေခြင်း၊

( ဇ ) တောရိုင်းတိရစ္ဆာန်များ ဖမ်းဆီးခြင်း သို့မဟုတ် အမဲလိုက်ပစ်ခတ်ခြင်း။

၄။ **ခွင့်ပြုသည့် ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများ**

| စဉ် | အခွင့်ရသူ၏အကြောင်းအရာ | ခွင့်ပြုသည့်ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများ |
|---|---|---|
| | မရှိပါ | မရှိပါ |

၅။ ဤအမိန့်ကြော်ငြာစာပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊ စည်းကမ်းချက်တစ်ခုခုကို လိုက်နာရန် ပျက်ကွက်ခြင်းများရှိပါက သစ်တောဥပဒေအရ အရေးယူခြင်းခံရမည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၂၀/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက်

(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂ ရက်)

## ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်၊ သစ်တောဥပဒေပုဒ်မ - ၆၊ ပုဒ်မခွဲ (င) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ဂန့်ဂေါမြို့နယ်အတွင်းရှိ အောက်ဖော်ပြပါ နယ်နိမိတ်များအတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၂,၉၅၇) ဧကရှိသောနယ်မြေကို "အုံတုံးတောင်ကြိုးပြင်ကာကွယ်တော (၁)" အဖြစ် ၁၃၈၁ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက် (၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂ ရက်) မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

၂။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

မြောက်ဘက် ။ ချင်းပြည်နယ်နယ်နိမိတ်အစပ် ခန့်မှန်းမြေပုံညွှန်း (PJ-၂၇၅၀၄၇) မှအစပြု၍ အရှေ့ဘက်သို့ ၁ မိုင် ၅ ဖာလုံခန့်လာရာ စပါးအိုးနှင့် ငန်းပုတ်ချောင်းကြားကြောထိပ်ခန့်မှန်းမြေပုံညွှန်း (PJ-၃၀၄၀၅၁) ရောက်သည်အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ငန်းပုတ်ချောင်း အနောက်ဘက်အတိုင်း ၁. ၃ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (PJ-၃၀၃၀၄၈) အထိ၊ ထိုမှ ငန်းပုတ်ချောင်း

အတိုင်း တောင်ဘက်သို့ ၁. ၇ ဖာလုံခန့်ဆန်တက်လာရာ ခန့်မှန်းမြေပုံညွှန်း (PJ-၃၀၄၀၄၄) အထိ၊ ထိုမှ ငန်းပုတ်ချောင်းအရှေ့ဘက်အတိုင်း အရှေ့မြောက်ယွန်းယွန်းသို့ ၂. ၉ ဖာလုံခန့် စုန်ဆင်းလာရာ ခန့်မှန်းမြေပုံညွှန်း (PJ-၃၀၉၀၅၀) အထိ၊ ထိုမှ အရှေ့ဘက်ကပျဉ်းဖိုချောက် အနီးသို့ ၁ မိုင် ၃ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (PJ-၃၃၁၀၄၉) အထိ၊

အရှေ့ဘက် ။ ထိုမှ တောင်ဘက်တည့်တည့်သို့ ၃ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (PJ-၃၃၁၀၄၂) အထိ၊ ထိုမှ အရှေ့ဘက်သို့ ၂. ၄ ဖာလုံခန့်လာရာ ကလေး-ဂန့်ဂေါကားလမ်းနှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (PJ-၃၃၇၀၄၂) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ကလေး-ဂန့်ဂေါ ကားလမ်းအတိုင်း ၁ မိုင် ၄ ဖာလုံခန့်လာရာ ကလေး-ဟားခါးလမ်းနှင့်ဆုံသည့် ခန့်မှန်း မြေပုံညွှန်း (PJ-၃၂၀၀၃၀) အထိ၊

တောင်ဘက် ။ ထိုမှ အနောက်ဘက်သို့ ကလေး-ဟားခါးလမ်းအတိုင်း ၁ မိုင် ၄ ဖာလုံခန့်လာရာ ခန့်မှန်း မြေပုံညွှန်း (PJ-၃၀၀၀၂၇) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ကလေး-ဟားခါးလမ်း အတိုင်း ၁ မိုင် ၁ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (PJ-၂၉၀၀၀၉) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ကလေး-ဟားခါးလမ်းအတိုင်း ၆. ၄ ဖာလုံခန့်လာရာ ချင်းပြည်နယ် နယ်စပ် ခန့်မှန်းမြေပုံညွှန်း (PJ-၂၇၈၀၁၂) အထိ၊

အနောက်ဘက် ။ ထိုမှ မြောက်ဘက်သို့ ချင်းပြည်နယ်နယ်နိမိတ်အတိုင်း ၂ မိုင် ၁ ဖာလုံခန့်လာရာ မူလ စတင်သည့်နေရာ ခန့်မှန်းမြေပုံညွှန်း (PJ-၂၇၅၀၄၇) ရောက်သည်အထိ။

## ချန်လှပ်ကွက် (၁) ၆၆ ကေဗွီဓာတ်အားလိုင်းနယ်မြေ (၁၄. ၅၇) ဧက၏ နယ်နိမိတ်အလားအလာ

မြောက်ဘက် ။ ခန့်မှန်းမြေပုံညွှန်း (PJ-၂၇၈၀၂၇) မှ အရှေ့ဘက်သို့ ၁ မိုင် ၂ ဖာလုံခန့်လာရာ ခန့်မှန်း မြေပုံညွှန်း (PJ-၂၉၉၀၂၇) အထိ၊

အရှေ့ဘက် ။ ထိုမှ တောင်ဘက်သို့ ၀. ၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (PJ-၂၉၉၀၂၆) အထိ၊

တောင်ဘက် ။ ထိုမှ အနောက်ဘက်သို့ ၁ မိုင် ၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (PJ-၂၇၇၀၂၆) အထိ၊

အနောက်ဘက် ။ ထိုမှ မြောက်ဘက်သို့ ၀. ၂ ဖာလုံခန့်လာရာ မူလစတင်သည့် ခန့်မှန်းမြေပုံညွှန်း (PJ-၂၇၈၀၂၇) အထိ။

၃။ **တားမြစ်ချက်များ**

"အုံတုံးတောင်ကြီးပြင်ကာကွယ်တော (၁)" အတွင်း အောက်ဖော်ပြပါတို့ကို မပြုလုပ်ရန် တားမြစ် လိုက်သည်-

(က) ကျူးကျော်ဝင်ရောက် အခြေချနေထိုင်ခြင်း၊ အိမ်မွေးတိရစ္ဆာန်မွေးမြူခြင်း၊

(ခ) မွေးမြူထားသော အိမ်မွေးတိရစ္ဆာန်များကို ခွင့်ပြုမိန့်မရရှိဘဲ စားကျက်ချခြင်း သို့မဟုတ် ဝင်ရောက် စေခြင်း၊

(ဂ) ခွင့်ပြုမိန့်မရရှိဘဲ ပျက်စီးစေရန် တမင်ရည်ရွယ်ချက်ဖြင့် ခုတ်ထွင်ခြင်း၊ ရှင်းလင်းခြင်း၊ တူးဆွခြင်း သို့မဟုတ် မူလအနေအထားကို ယိုယွင်းစေခြင်း၊

(ဃ) ရေစီးရေလာကို ပျက်စီးစေရန် ရည်ရွယ်ချက်ဖြင့် ပျက်စီးစေခြင်း၊

(င) ရေတွင် လျှပ်စစ်ဓာတ်အားကို ဖြတ်စီးစေခြင်း၊ ဓာတုဗေဒပစ္စည်း သို့မဟုတ် ပေါက်ကွဲစေတတ်သော အရာများ အသုံးပြုခြင်း၊ ရေတွင် အဆိပ်ခတ်ခြင်း၊

(စ) ခွင့်ပြုမိန့်မရရှိဘဲ မည်သည့်သစ်ပင်ကိုမဆို ပျက်စီးစေခြင်း၊ သင်းသတ်ခြင်း၊ ခုတ်လှဲခြင်း၊ ပိုင်းဖြတ်ခြင်း၊ ဖောက်ထွင်းခြင်း၊

(ဆ) သစ်တောများကို မီးဖြင့်ပျက်စီးစေခြင်း၊

(ဇ) တောရိုင်းတိရစ္ဆာန်များ ဖမ်းဆီးခြင်း သို့မဟုတ် အမဲလိုက်ပစ်ခတ်ခြင်း။

၄။ **ခွင့်ပြုသည့် ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများ**

| စဉ် | အခွင့်ရသူ၏အကြောင်းအရာ | ခွင့်ပြုသည့်ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများ |
|---|---|---|
| | မရှိပါ | မရှိပါ |

၅။ ဤအမိန့်ကြော်ငြာစာပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊ စည်းကမ်းချက်တစ်ခုခုကို လိုက်နာရန် ပျက်ကွက်ခြင်းများရှိပါက သစ်တောဥပဒေအရ အရေးယူခြင်းခံရမည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၂၂/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက်

(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၆ ရက်)

## ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်၊ သစ်တောဥပဒေပုဒ်မ - ၆၊ ပုဒ်မခွဲ (င) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ဂန့်ဂေါမြို့နယ်အတွင်းရှိ အောက်ဖော်ပြပါ နယ်နိမိတ်များအတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၄၃၀) ဧကရှိသောနယ်မြေကို "အုံတုံးတောင် ကြိုးပြင်ကာကွယ်တော (၂)" အဖြစ် ၁၃၈၁ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက် (၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၆ ရက်) မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

၂။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

မြောက်ဘက် ။ ကလေး-ဟားခါးလမ်းနှင့် ကလေး-ဂန့်ဂေါကားလမ်းဆုံသည့် ခန့်မှန်းမြေပုံညွှန်း (PJ-၃၂၀၀၃၀) မှ အစပြု၍ အရှေ့မြောက်ဘက်သို့ ၁ မိုင် ၄ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (PJ-၃၃၈၀၄၂) ရောက်သည်အထိ၊

အရှေ့ဘက် ။ ထိုမှ အနောက်တောင်ဘက်သို့ ဝါးဖာချောင်း၊ တောင်မွှာဖျားတို့ကိုဖြတ်၍ ၇. ၉ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (PJ-၃၃၆၀၂၄) အထိ၊ ထိုမှ အရှေ့ဘက်သို့ ၄. ၃ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (PJ-၃၄၆၀၂၃) အထိ၊ ထိုမှ တောင်ဘက်သို့ ၂ ဖာလုံခန့်လာရာ ကလေး-ဂန့်ဂေါကားလမ်းနှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (PJ-၃၄၇၀၁၉) ရောက်သည်အထိ၊

တောင်ဘက် ။ ထိုမှ ကလေး-ဂန့်ဂေါကားလမ်းအတိုင်း အနောက်တောင်ဘက်သို့ ၆. ၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (PJ-၃၃၆၀၁၆) ရောက်သည်အထိ၊

အနောက်ဘက် ။ ထိုမှ ကလေး-ဂန့်ဂေါကားလမ်းအတိုင်း အနောက်မြောက်ဘက်သို့ ၁ မိုင် ၃ ဖာလုံခန့်လာရာ မူလစတင်သည့် ခန့်မှန်းမြေပုံညွှန်း (PJ-၃၂၀၀၃၀) အထိ။

**ချန်လှပ်ကွက် (၁) ၆၆ ကေဗွီဓာတ်အားလိုင်းနယ်မြေ (၆. ၄၁) ဧက၏ နယ်နိမိတ်အလားအလာ**

မြောက်ဘက် ။ ခန့်မှန်းမြေပုံညွှန်း (PJ-၃၂၇၀၂၇) မှ အရှေ့ဘက်သို့ ၄ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (PJ-၃၃၆၀၂၇) အထိ၊

အရှေ့ဘက် ။ ထိုမှ တောင်ဘက်သို့ ဝ. ၂ ဖာလုံခန့်ရောက်သည်အထိ၊

တောင်ဘက် ။ ထိုမှ အနောက်ဘက်သို့ ၄ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (PJ-၃၃၆၀၂၇) အထိ၊

အနောက်ဘက် ။ ထိုမှ မြောက်ဘက်သို့ ဝ. ၂ ဖာလုံခန့်လာရာ မူလစတင်သည့် ခန့်မှန်းမြေပုံညွှန်း (PJ-၃၂၇၀၂၇) အထိ။

၃။ **တားမြစ်ချက်များ**

"အုံတုံးတောင်ကြိုးပြင်ကာကွယ်တော(၂)" အတွင်း အောက်ဖော်ပြပါတို့ကို မပြုလုပ်ရန် တားမြစ်လိုက်သည်-

(က) ကျူးကျော်ဝင်ရောက် အခြေချနေထိုင်ခြင်း၊ အိမ်မွေးတိရစ္ဆာန်မွေးမြူခြင်း၊

(ခ) မွေးမြူထားသော အိမ်မွေးတိရစ္ဆာန်များကို ခွင့်ပြုမိန့်မရရှိဘဲ စားကျက်ချခြင်း သို့မဟုတ် ဝင်ရောက်စေခြင်း၊

(ဂ) ခွင့်ပြုမိန့်မရရှိဘဲ ပျက်စီးစေရန် တမင်ရည်ရွယ်ချက်ဖြင့် ခုတ်ထွင်ခြင်း၊ ရှင်းလင်းခြင်း၊ တူးဆွခြင်း သို့မဟုတ် မူလအနေအထားကို ယိုယွင်းစေခြင်း၊

(ဃ) ရေစီးရေလာကို ပျက်စီးစေရန် ရည်ရွယ်ချက်ဖြင့် ပျက်စီးစေခြင်း၊

(င) ရေတွင် လျှပ်စစ်ဓာတ်အားကို ဖြတ်စီးစေခြင်း၊ ဓာတုဗေဒပစ္စည်း သို့မဟုတ် ပေါက်ကွဲစေတတ်သော အရာများ အသုံးပြုခြင်း၊ ရေတွင် အဆိပ်ခတ်ခြင်း၊

(စ) ခွင့်ပြုမိန့်မရရှိဘဲ မည်သည့်သစ်ပင်ကိုမဆို ပျက်စီးစေခြင်း၊ သင်းသတ်ခြင်း၊ ခုတ်လှဲခြင်း၊ ပိုင်းဖြတ်ခြင်း၊ ဖောက်ထွင်းခြင်း၊

(ဆ) သစ်တောများကို မီးဖြင့်ပျက်စီးစေခြင်း၊

(ဇ) တောရိုင်းတိရစ္ဆာန်များ ဖမ်းဆီးခြင်း သို့မဟုတ် အမဲလိုက်ပစ်ခတ်ခြင်း။

၄။ **ခွင့်ပြုသည့် ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများ**

| စဉ် | အခွင့်ရသူ၏အကြောင်းအရာ | ခွင့်ပြုသည့်ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများ |
|---|---|---|
| | မရှိပါ | မရှိပါ |

၅။ ဤအမိန့်ကြော်ငြာစာပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊ စည်းကမ်းချက်တစ်ခုခုကို လိုက်နာရန် ပျက်ကွက်ခြင်းများရှိပါက သစ်တောဥပဒေအရ အရေးယူခြင်းခံရမည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၂၂/၂၀၁၉)
## ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်၊ သစ်တောဥပဒေပုဒ်မ - ၆၊ ပုဒ်မခွဲ (င) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ဂန့်ဂေါမြို့နယ်အတွင်းရှိ အောက်ဖော်ပြပါ နယ်နိမိတ်များအတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၁,၈၁၃) ဧကရှိ နယ်မြေကို "အုံတုံးတောင်ကြိုးပြင်ကာကွယ်တော (၃)" အဖြစ် ၁၃၈၁ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက် (၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂ ရက်) မှစ၍ ဖွဲ့စည်းသတ်မှတ်ကြောင်း ကြေညာလိုက်သည်။

၂။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

မြောက်ဘက် ။ ကလေး-ဟားခါးကားလမ်းဘေး ခန့်မှန်းမြေပုံညွှန်း (PJ-၃၀၀၀၂၇) မှအစပြု၍ အရှေ့မြောက်ဘက်သို့ ၁ မိုင် ၂ ဖာလုံခန့်လာရာ ကလေး-ဟားခါးလမ်းနှင့် ကလေး-ဂန့်ဂေါလမ်းဆုံသည့် ခန့်မှန်းမြေပုံညွှန်း (PJ-၃၂၀၀၃၀) အထိ၊ ထိုမှ ကလေး-ဂန့်ဂေါလမ်းအတိုင်း အရှေ့တောင်ဘက်သို့ ၂ မိုင် ၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (PJ-၃၄၇၀၁၉) ရောက်သည်အထိ၊

အရှေ့ဘက် ။ ထိုမှ အရှေ့တောင်ဘက်သို့ ၂ ဖာလုံခန့်လာရာ ငါးရောချောက်အနီး ခန့်မှန်းမြေပုံညွှန်း (PJ-၃၄၈၀၁၅) အထိ၊ ထိုမှ အရှေ့ဘက်သို့ ၂.၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (PJ-၃၅၃၀၁၅) အထိ၊ ထိုမှ တောင်ဘက်သို့ ၃ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (PJ-၃၅၄၀၀၉) ရောက်သည်အထိ၊

တောင်ဘက် ။ ထိုမှ အနောက်ဘက်သို့ ၂ မိုင် ၅ ဖာလုံခန့်လာရာ ချောင်းအနီး ခန့်မှန်းမြေပုံညွှန်း (PJ-၃၀၆၀၀၉) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ၅. ၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (PJ-၂၉၇၀၀၃) အထိ၊ ထိုမှ အနောက်ဘက်သို့ ၆. ၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (PJ-၂၈၄၀၀၄) ရောက်သည်အထိ၊

အနောက်ဘက် ။ ထိုမှ အနောက်မြောက်ဘက်သို့ ၄ ဖာလုံခန့်လာရာ ကလေး-ဟားခါးနှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (PJ-၂၇၈၀၁၂) အထိ၊ ထိုမှ ကလေး-ဟားခါးလမ်းအတိုင်း အရှေ့မြောက်ဘက်သို့ ၂ မိုင်ခန့်လာရာ မူလစတင်သည့် ခန့်မှန်းမြေပုံညွှန်း (PJ-၃၀၀၀၂၇) ရောက်သည်အထိ။

**ချန်လှပ်ကွက်နယ်နိမိတ် (၂၀. ၀၀) ဧက၏ နယ်နိမိတ်အလားအလာ**

မြောက်ဘက် ။ ခန့်မှန်းမြေပုံညွှန်း (PJ-၂၉၉၀၂၇) မှ အရှေ့ဘက်သို့ ၁ မိုင် ၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (PJ-၃၂၈၀၂၇) အထိ၊

အရှေ့ဘက် ။ ထိုမှ တောင်ဘက်သို့ ၀. ၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (PJ-၃၂၈၀၂၆) အထိ၊

တောင်ဘက် ။ ထိုမှ အနောက်ဘက်သို့ ၁ မိုင် ၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (PJ-၃၂၇၀၂၆) အထိ၊

အနောက်ဘက် ။ ထိုမှ မြောက်ဘက်သို့ ၀. ၂ ဖာလုံခန့်လာရာ မူလစတင်သည့် ခန့်မှန်းမြေပုံညွှန်း (PJ-၂၉၉၀၂၇) အထိ။

၃။ **တားမြစ်ချက်များ**

"အုံတုံးတောင်ကြိုးပြင်ကာကွယ်တော(၃)" အတွင်း အောက်ဖော်ပြပါတို့ကို မပြုလုပ်ရန် တားမြစ်လိုက်သည်-

(က) ကျူးကျော်ဝင်ရောက် အခြေချနေထိုင်ခြင်း၊ အိမ်မွေးတိရစ္ဆာန်မွေးမြူခြင်း၊

(ခ) မွေးမြူထားသော အိမ်မွေးတိရစ္ဆာန်များကို ခွင့်ပြုမိန့်မရရှိဘဲ စားကျက်ချခြင်း သို့မဟုတ် ဝင်ရောက်စေခြင်း၊

(ဂ) ခွင့်ပြုမိန့်မရရှိဘဲ ပျက်စီးစေရန် တမင်ရည်ရွယ်ချက်ဖြင့် ခုတ်ထွင်ခြင်း၊ ရှင်းလင်းခြင်း၊ တူးဆွခြင်း သို့မဟုတ် မူလအနေအထားကို ယိုယွင်းစေခြင်း၊

(ဃ) ရေစီးရေလာကို ပျက်စီးစေရန် ရည်ရွယ်ချက်ဖြင့် ပျက်စီးစေခြင်း၊

(င) ရေတွင် လျှပ်စစ်ဓာတ်အားကို ဖြတ်စီးစေခြင်း၊ ဓာတုဗေဒပစ္စည်း သို့မဟုတ် ပေါက်ကွဲစေတတ်သော အရာများ အသုံးပြုခြင်း၊ ရေတွင် အဆိပ်ခတ်ခြင်း၊

(စ) ခွင့်ပြုမိန့်မရရှိဘဲ မည်သည့်သစ်ပင်ကိုမဆို ပျက်စီးစေခြင်း၊ သင်းသတ်ခြင်း၊ ခုတ်လှဲခြင်း၊ ပိုင်းဖြတ်ခြင်း၊ ဖောက်ထွင်းခြင်း၊

(ဆ) သစ်တောများကို မီးဖြင့်ပျက်စီးစေခြင်း၊

(ဇ) တောရိုင်းတိရစ္ဆာန်များ ဖမ်းဆီးခြင်း သို့မဟုတ် အမဲလိုက်ပစ်ခတ်ခြင်း။

၄။ **ခွင့်ပြုသည့် ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများ**

| စဉ် | အခွင့်ရသူ၏အကြောင်းအရာ | ခွင့်ပြုသည့်ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများ |
|---|---|---|
| | မရှိပါ | မရှိပါ |

၅။ ဤအမိန့်ကြော်ငြာစာပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊ စည်းကမ်းချက်တစ်ခုခုကို လိုက်နာရန် ပျက်ကွက်ခြင်းများရှိပါက သစ်တောဥပဒေအရ အရေးယူခြင်းခံရမည်။

# (ပြည်ထောင်စုဝန်ကြီးရုံး)

# အမိန့်ကြော်ငြာစာအမှတ် (၁၂၃/၂၀၁၉)

## ကြိုးပြင်ကာကွယ်တောသတ်မှတ်ရန်ရည်ရွယ်ကြောင်းကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်၊ သစ်တောဥပဒေပုဒ်မ - ၆၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကို ကျင့်သုံး၍ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ပင်လည်ဘူးမြို့နယ်အတွင်းရှိ အောက်ဖော်ပြပါ နယ်နိမိတ်များအတွင်းကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၃,၀၂၈) ဧကရှိသောနယ်မြေကို “ပင်လည်ဘူး(၃) ကြိုးပြင်ကာကွယ်တော” အဖြစ် ၁၃၈၁ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက် (၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၆ ရက်) မှစ၍ သတ်မှတ်ရန်ရည်ရွယ်ကြောင်း ကြေညာလိုက်သည်။

### ၁။ နယ်နိမိတ်အလားအလာဖော်ပြချက်

မြောက်ဘက် ။ ကိုင်းရှည်ကြိုးဝိုင်းနယ်နိမိတ်အစပ် ခန့်မှန်းမြေပုံညွှန်း (L-၇၂၂၇၈၆) မှအစပြု၍ အရှေ့မြောက်ဘက်သို့ ၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (L-၇၂၄၇၉၀) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ၁ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (L-၇၂၆၇၈၈) အထိ၊ ထိုမှ တောင်ဘက်သို့ ၄ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (L-၇၂၆၇၈၂) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ကိုင်းရှည်ချောင်းလက်တက်ကိုဖြတ်၍ ၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (L-၇၂၂၇၆၈) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ၄ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (L-၇၂၇၇၆၂) အထိ၊ ထိုမှ အရှေ့ဘက်သို့ ၂ မိုင် ၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (L-၇၄၀၇၉၆) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (L-၇၅၆၇၈၆) အထိ၊

အရှေ့ဘက် ။ ထိုမှ တောင်ဘက်သို့ ၁ မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (L-၇၅၈၇၆၇) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ၃ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (L-၇၅၃၇၆၅) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ၅. ၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (L-၇၅၅၇၄၉) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ၃. ၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (L-၇၅၂၇၄၄) အထိ၊

တောင်ဘက် ။ ထိုမှ အနောက်တောင်ဘက်သို့ ၄. ၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (L-၇၄၃၇၄၁) အထိ၊ ထိုမှ တောင်ဘက်သို့ ၃. ၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (L-၇၄၄၇၃၄) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (L-၇၃၆၇၂၆) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ၄. ၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (L-၇၂၆၇၂၅) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ၄. ၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (L-၇၂၄၇၃၄) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ ၄. ၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (L-၇၂၉၇၄၁) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ၄ ဖာလုံခန့်လာရာ ကိုင်းရှည်ချောင်းနှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (L-၇၂၆၇၄၇) အထိ၊ ထိုမှ ကိုင်းရှည်ချောင်းကိုဖြတ်၍ အနောက်ဘက်သို့ ၆. ၅ ဖာလုံခန့်လာရာ ကိုင်းရှည်ကြိုးဝိုင်းနယ်နိမိတ် ဒုန်ဝဲချောင်းနှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (L-၇၁၃၇၄၅) အထိ၊

အနောက်ဘက် ။ ထိုမှ အရှေ့မြောက်ဘက်သို့ ဒုန်ဝဲချောင်းအတိုင်း ၇ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (L-၇၁၆၇၆၀) အထိ၊ ထိုမှ ကိုင်းရှည်ကြိုးဝိုင်းနယ်နိမိတ်အတိုင်း အနောက်မြောက်ဘက်သို့ ၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (L-၇၁၃၇၇၀) အထိ၊ ထိုမှ ကိုင်းရှည်ကြိုးဝိုင်းနယ်နိမိတ်အတိုင်း ၅. ၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (L-၇၂၂၇၈၄) အထိ၊ ထိုမှ မြောက်ဘက်သို့ ၁. ၅ ဖာလုံခန့်လာရာ မူလစတင်သည့် ခန့်မှန်းမြေပုံညွှန်း (L-၇၂၂၇၈၆) အထိ။

### ၂။ သစ်တောကြေးတိုင်အရာရှိခန့်အပ်ခြင်း

ကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ ကြေညာချက်တွင်ပါရှိသော တားမြစ်ချက်များအရ ပေါ်ပေါက်လာမည့် အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် စီမံခန့်ခွဲနိုင်ရန် သစ်တောဥပဒေပုဒ်မ-၆၊ ပုဒ်မခွဲ (ဂ) အရ ညွှန်ကြားရေးမှူးချုပ်အား သစ်တောကြေးတိုင်အရာရှိအဖြစ် ခန့်အပ်လိုက်သည်။

၃။ **လုပ်ငန်းအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း**

ထို့အပြင် ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ ကြေညာချက်တွင်ပါရှိသော တားမြစ်ချက်များအရ ပေါ်ပေါက်လာမည့် အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် စီမံခန့်ခွဲနိုင်ရန် သစ်တောဥပဒေ ပုဒ်မ-၆၊ ပုဒ်မခွဲ (ဂ) အရ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်၍ ဒေသခံတိုင်းရင်းသားပြည်သူများ၊ သက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များပါဝင်သည့် အောက်ဖော်ပြပါ လုပ်ငန်းအဖွဲ့အား တာဝန်ပေးအပ်လိုက်သည်-

| စဉ် | ရာထူး | တာဝန် |
|---|---|---|
| ၁ | ညွှန်ကြားရေးမှူးချုပ်<br>သစ်တောဦးစီးဌာန | ဥက္ကဋ္ဌ |
| ၂ | မြို့နယ်အုပ်ချုပ်ရေးမှူး<br>မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပင်လည်ဘူးမြို့နယ် | အဖွဲ့ဝင် |
| ၃ | မြို့နယ်ဦးစီးအရာရှိ<br>မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ပင်လည်ဘူးမြို့နယ် | အဖွဲ့ဝင် |
| ၄ | ဦးငြိမ်းဖေ<br>ဒေသခံပြည်သူ၊ ကျွန်းတောကျေးရွာ၊ ပင်လည်ဘူးမြို့နယ် | အဖွဲ့ဝင် |
| ၅ | ဦးရီမောင်<br>ဒေသခံပြည်သူ၊ ဝါးရုံသာကျေးရွာ၊ ပင်လည်ဘူးမြို့နယ် | အဖွဲ့ဝင် |
| ၆ | မြို့နယ်ဦးစီးအရာရှိ<br>မြို့နယ်သစ်တောဦးစီးဌာန၊ ပင်လည်ဘူးမြို့နယ် | အတွင်းရေးမှူး |

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၂၄/၂၀၁၉)**

## ကြိုးပြင်ကာကွယ်တောသတ်မှတ်ရန်ရည်ရွယ်ကြောင်းကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်၊ သစ်တောဥပဒေပုဒ်မ - ၆၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုကျင့်သုံး၍ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ပင်လည်ဘူးမြို့နယ်အတွင်းရှိ အောက်ဖော်ပြပါ နယ်နိမိတ်များအတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၈၂၅) ဧကရှိသော နယ်မြေကို “ပင်လည်ဘူး (၅) ကြိုးပြင်ကာကွယ်တော” အဖြစ် ၁၃၈၁ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက် (၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၆ ရက်) မှစ၍ သတ်မှတ်ရန်ရည်ရွယ်ကြောင်း ကြေညာလိုက်သည်။

၁။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

မြောက်ဘက် ။ တကျိုင်းတမော့ကြိုးဝိုင်းနယ်နိမိတ်အစပ် ခန့်မှန်းမြေပုံညွှန်း (F-၈၄၄၀၉၄) မှအစပြု၍ အရှေ့မြောက်ဘက်သို့ တကျိုင်းတမော့ကြိုးဝိုင်းနယ်နိမိတ်အတိုင်း ၁ မိုင် ၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (F-၈၅၅၁၁၃) အထိ၊ ထိုမှ အရှေ့ဘက်သို့ တကျိုင်းတမော့ ကြိုးဝိုင်း နယ်နိမိတ်အတိုင်း ၃ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (F-၈၆၁၁၁၃) အထိ၊

အရှေ့ဘက် ။ ထိုမှ တောင်ဘက်သို့ ၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (F-၈၆၁၁၁၀) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ချောင်းများကိုဖြတ်၍ ၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (F-၈၅၆၁၀၁) အထိ၊ ထိုမှ တောင်ဘက်သို့ ၁ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (F-၈၅၆၀၉၉) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ချောင်းကိုဖြတ်၍ ၁.၅ ဖာလုံခန့် လာရာ ခန့်မှန်းမြေပုံညွှန်း (F-၈၅၄၀၉၆) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ၄ ဖာလုံခန့် လာရာ ခန့်မှန်းမြေပုံညွှန်း (F-၈၆၃၀၉၀) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ချောင်းလက်တက် များကိုဖြတ်၍ ၆ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (F-၈၆၉၀၇၈) အထိ၊ ထိုမှ အနောက် တောင်ဘက်သို့ ၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (F-၈၆၇၀၇၅) အထိ၊

တောင်ဘက် ။ ထိုမှ အနောက်တောင်ဘက်သို့ တောင်ကြောအတိုင်း ၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (F-၈၆၃၀၇၄) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (F-၈၅၉၀၇၆) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (F-၈၅၈၀၈၀) အထိ၊ ထိုမှ အနောက်ဘက်သို့ ၂. ၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (F-၈၅၄၀၈၀) အထိ၊ ထိုမှ တောင်ဘက်သို့ ၃ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (F-၈၆၄၀၇၅) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ၂. ၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (F-၈၄၈၀၇၄) အထိ၊

အနောက်ဘက် ။ ထိုမှ အရှေ့မြောက်ဘက်သို့ ၄. ၅ ဖာလုံခန့် တောင်ကြောအတိုင်းလာရာ ခန့်မှန်းမြေပုံညွှန်း (F-၈၅၀၀၈၄) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ချောင်းဆုံကိုဖြတ်၍ ၃ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (F-၈၄၄၀၈၇) အထိ၊ ထိုမှ မြောက်ဘက်သို့ တောင်ကြောအတိုင်း ၄ ဖာလုံခန့်လာရာ မူလစတင်သည့် ခန့်မှန်းမြေပုံညွှန်း (F-၈၄၄၀၉၄) အထိ။

၂။ **သစ်တောကြေးတိုင်အရာရှိခန့်အပ်ခြင်း**

ကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ ကြေညာချက်တွင်ပါရှိသော တားမြစ်ချက်များအရ ပေါ်ပေါက်လာမည့် အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် စီမံခန့်ခွဲနိုင်ရန် သစ်တောဥပဒေပုဒ်မ-၆၊ ပုဒ်မခွဲ (ဂ) အရ ညွှန်ကြားရေးမှူးချုပ်အား သစ်တောကြေးတိုင်အရာရှိအဖြစ် ခန့်အပ်လိုက်သည်။

၃။ **လုပ်ငန်းအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း**

ထို့အပြင် ကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ ကြေညာချက်တွင်ပါရှိသော တားမြစ်ချက်များအရ ပေါ်ပေါက်လာမည့် အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် စီမံခန့်ခွဲနိုင်ရန် သစ်တောဥပဒေပုဒ်မ-၆၊ ပုဒ်မခွဲ (ဂ) အရ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်၍ ဒေသခံတိုင်းရင်းသားပြည်သူများ၊ သက်ဆိုင်ရာကျွမ်းကျင်ပညာရှင်များ ပါဝင်သည့် အောက်ဖော်ပြပါ လုပ်ငန်းအဖွဲ့အား တာဝန်ပေးအပ်လိုက်သည်-

| စဉ် | ရာထူး | တာဝန် |
|---|---|---|
| ၁ | ညွှန်ကြားရေးမှူးချုပ်<br>သစ်တောဦးစီးဌာန | ဥက္ကဋ္ဌ |
| ၂ | မြို့နယ်အုပ်ချုပ်ရေးမှူး<br>မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပင်လည်ဘူးမြို့နယ် | အဖွဲ့ဝင် |
| ၃ | မြို့နယ်ဦးစီးအရာရှိ<br>မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ပင်လည်ဘူးမြို့နယ် | အဖွဲ့ဝင် |
| ၄ | ဦးမောင်မဲ<br>ဒေသခံပြည်သူ၊ မကျီးကုန်းကျေးရွာ၊ ပင်လည်ဘူးမြို့နယ် | အဖွဲ့ဝင် |
| ၅ | ဦးသိန်းဝင်း<br>ဒေသခံပြည်သူ၊ မကျီးကုန်းကျေးရွာ၊ ပင်လည်ဘူးမြို့နယ် | အဖွဲ့ဝင် |
| ၆ | မြို့နယ်ဦးစီးအရာရှိ<br>မြို့နယ်သစ်တောဦးစီးဌာန၊ ပင်လည်ဘူးမြို့နယ် | အတွင်းရေးမှူး |

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၂၅/ ၂၀၁၉)
## ကြိုးပြင်ကာကွယ်တောသတ်မှတ်ရန်ရည်ရွယ်ကြောင်းကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်၊ သစ်တောဥပဒေပုဒ်မ - ၆၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသည့် အခွင့်အာဏာ

များကိုကျင့်သုံး၍ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ အင်းတော်မြို့နယ်အတွင်းရှိ အောက်ဖော်ပြပါ နယ်နိမိတ်များအတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၇၁၇) ဧကရှိသော နယ်မြေကို "နန့်ဖယ် (၂) ကြိုးပြင်ကာကွယ်တော" အဖြစ် ၁၃၈၁ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက် (၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၆ ရက်) မှစ၍ သတ်မှတ်ရန်ရည်ရွယ်ကြောင်း ကြေညာလိုက်သည်။

## ၁။ နယ်နိမိတ်အလားအလာဖော်ပြချက်

မြောက်ဘက် ။ မံမော်ကြိုးဝိုင်းနယ်နိမိတ်နှင့်ထိစပ်ရာ ခန့်မှန်းမြေပုံညွှန်း (SG-၆၅၂၁၆၂) မှအစပြု၍ အရှေ့ဘက်သို့ ၃.၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (SG-၆၅၉၁၆၂) ထိ၊

အရှေ့ဘက် ။ ထိုမှ အရှေ့တောင်ဘက်သို့ ၃.၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (SG-၆၆၄၁၅၆) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ၇.၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (SG-၆၆၁၁၃၇) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ၄.၇ ဖာလုံခန့်လာရာ မဲဇာမြစ်၏ မြောက်ဘက် ၃ ဖာလုံခန့်အကွာ ခန့်မှန်းမြေပုံညွှန်း (SG-၆၆၄၁၂၈) ထိ၊

တောင်ဘက် ။ ထိုမှ အနောက်ယွန်းယွန်းသို့ ၄.၅ ဖာလုံခန့်လာရာ နမ့်ရမ်းချောင်းအနီး ခန့်မှန်းမြေပုံညွှန်း (SG-၆၅၅၁၂၇) ထိ၊

အနောက်ဘက် ။ ထိုမှ အနောက်မြောက်ဘက်သို့ ၁ မိုင် ၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (SG-၆၅၀၁၅၈) ထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ၂.၅ ဖာလုံခန့်လာရာ မူလစတင်သည့် မံမော်ကြိုးဝိုင်း နယ်နိမိတ်နှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (SG-၆၅၂၁၆၂) ထိ။

## ၂။ သစ်တောကြေးတိုင်အရာရှိခန့်အပ်ခြင်း

ကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ ကြေညာချက်တွင်ပါရှိသော တားမြစ်ချက်များ အရ ပေါ်ပေါက်လာမည့် အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို သတ်မှတ်သည့် နည်းလမ်း များနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် စီမံခန့်ခွဲနိုင်ရန် သစ်တောဥပဒေပုဒ်မ-၆၊ ပုဒ်မခွဲ (ဂ) အရ ညွှန်ကြားရေးမှူးချုပ်အား သစ်တောကြေးတိုင်အရာရှိအဖြစ် ခန့်အပ်လိုက်သည်။

## ၃။ လုပ်ငန်းအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း

ထို့အပြင် ကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ ကြေညာချက်တွင်ပါရှိသော တားမြစ်ချက် များအရ ပေါ်ပေါက်လာမည့် အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် စီမံခန့်ခွဲနိုင်ရန် သစ်တောဥပဒေပုဒ်မ-၆၊ ပုဒ်မခွဲ (ဂ) အရ ညွှန်ကြားရေးမှူးချုပ်ဦးဆောင်၍ ဒေသခံတိုင်းရင်းသားပြည်သူများ၊ သက်ဆိုင်ရာကျွမ်းကျင်ပညာရှင်များ ပါဝင်သည့် အောက်ဖော်ပြပါ လုပ်ငန်းအဖွဲ့အား တာဝန်ပေးအပ်လိုက်သည်-

| စဉ် | ရာထူး | တာဝန် |
|---|---|---|
| ၁ | ညွှန်ကြားရေးမှူးချုပ်<br>သစ်တောဦးစီးဌာန | ဥက္ကဋ္ဌ |
| ၂ | မြို့နယ်အုပ်ချုပ်ရေးမှူး<br>မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အင်းတော်မြို့နယ် | အဖွဲ့ဝင် |
| ၃ | မြို့နယ်ဦးစီးအရာရှိ<br>မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ အင်းတော်မြို့နယ် | အဖွဲ့ဝင် |
| ၄ | ဦးပေါ်အေး<br>ဒေသခံပြည်သူ၊ နန့်ဆင်ကျွန်းတောကျေးရွာ၊ အင်းတော်မြို့နယ် | အဖွဲ့ဝင် |
| ၅ | ဦးစိုးနိုင်<br>ဒေသခံပြည်သူ၊ မြသီတာကျေးရွာ၊ အင်းတော်မြို့နယ် | အဖွဲ့ဝင် |
| ၆ | မြို့နယ်ဦးစီးအရာရှိ<br>မြို့နယ်သစ်တောဦးစီးဌာန၊ အင်းတော်မြို့နယ် | အတွင်းရေးမှူး |

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၂၆/၂၀၁၉)
## ကြိုးပြင်ကာကွယ်တောသတ်မှတ်ရန်ရည်ရွယ်ကြောင်းကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်၊ သစ်တောဥပဒေပုဒ်မ - ၆၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုကျင့်သုံး၍ စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်ခရိုင်၊ ဖောင်းပြင်မြို့နယ်အတွင်းရှိ အောက်ဖော်ပြပါနယ်နိမိတ်များအတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၁၂,၅၀၀) ဧကရှိသော နယ်မြေကို "ခါချဉ်တောင်ကြိုးပြင်ကာကွယ်တော" အဖြစ် ၁၃၈၁ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက် (၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၆ ရက်) မှစ၍ သတ်မှတ်ရန်ရည်ရွယ်ကြောင်း ကြေညာလိုက်သည်။

၁။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

မြောက်ဘက် ။ ခန့်မှန်းမြေပုံညွှန်း (SL-၁၉၀၆၆၀) မှအစပြု၍ အရှေ့ဘက်သို့ ၂ မိုင် ၇ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (SL-၂၃၇၆၆၀) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (SL-၂၃၆၆၅၅) အထိ၊ ထိုမှ အရှေ့ဘက်သို့ ပနားချောင်းလက်တက်အတိုင်း ၁ မိုင် ၄ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (SL-၂၅၇၆၅၃) အထိ၊

အရှေ့ဘက် ။ ထိုမှ ပနားချောင်းလက်တက်အတိုင်း အနောက်တောင်ဘက်သို့ ၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (SL-၂၅၃၆၄၉) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ၂ ဖာလုံခန့်လာရာ ဇလုပ်ကြီးချောင်းနှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (SL-၂၅၆၆၄၆) အထိ၊ ထိုမှ ဇလုပ်ကြီးချောင်းအတိုင်း အနောက်တောင်ဘက်သို့ ၁ မိုင် ၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (SL-၂၃၈၆၃၂) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (SL-၂၃၉၆၂၈) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (SL-၂၄၃၆၂၇) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ ၃ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (SL-၂၄၄၆၃၄) အထိ၊ ထိုမှ ဇက်ရက်ချောင်းကိုဖြတ်၍ အရှေ့ဘက်သို့ ၂ မိုင်ခန့်လာရာ နွယ်ဝန်းချောင်းဘေး ခန့်မှန်းမြေပုံညွှန်း (SL-၂၈၂၆၃၃) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ၄ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (SL-၂၈၀၆၂၃) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ၄ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (SL-၂၇၂၆၁၄) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ဂွေးပင်ချောင်းလက်တက်ကိုဖြတ်၍ ၃ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (SL-၂၇၄၆၀၉) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ၂.၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (SL-၂၇၈၆၀၈) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ ၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (SL-၂၈၀၆၀၉) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ၃ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (SL-၂၈၅၆၀၇) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ ၁.၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (L-၂၈၈၆၀၈) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ၄.၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (L-၂၉၆၆၀၃) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (L-၂၉၇၅၉၉) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ၃ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (L-၂၉၅၅၉၄) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ၅ ဖာလုံခန့်လာရာ ဟုမ္မလင်း-ဖောင်းပြင်-သက္ကချင်းလမ်းဘေး ခန့်မှန်းမြေပုံညွှန်း (L-၃၀၂၅၈၇) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ၂ မိုင် ၆ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (SL-၂၆၂၅၆၁) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ၆ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (SL-၂၅၉၅၄၉) အထိ၊

တောင်ဘက် ။ ထိုမှ အနောက်တောင်ဘက်ယွန်းယွန်းသို့ ၃ ဖာလုံခန့်လာရာ မော်လိုက်မြို့နယ် နယ်နိမိတ်နှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (SL-၂၅၄၅၄၇) အထိ၊

အနောက်ဘက် ။ ထိုမှ မြို့နယ်ခြားနယ်နိမိတ်အတိုင်း မြောက်ဘက်သို့ ၁ မိုင် ၄ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (SL-၂၅၁၅၈၁) အထိ၊ ထိုမှ မြို့နယ်ခြားနယ်နိမိတ်အတိုင်း အနောက်ဘက်သို့ ၁ မိုင် ၄ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (SL-၂၂၃၅၈၅) အထိ၊ ထိုမှ မြို့နယ်ခြားနယ်နိမိတ်အတိုင်း

အနောက်မြောက်ဘက်သို့ ၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (SL-၂၁၉၅၈၉) အထိ၊ ထိုမှ အနောက်ဘက်သို့ မြို့နယ်ခြားနယ်နိမိတ်အတိုင်း ၁ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (SL-၂၁၄၅၈၉) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ မြို့နယ်ခြားနယ်နိမိတ်အတိုင်း ၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (SL-၂၀၉၅၉၄) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ မြို့နယ်ခြားနယ်နိမိတ်အတိုင်း ၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (SL-၂၀၃၅၉၃) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ မြို့နယ်ခြားနယ်နိမိတ်အတိုင်း ၁ မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (SL-၁၉၈၆၀၈) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ မြို့နယ်ခြားနယ်နိမိတ်အတိုင်း ၁ မိုင် ၁ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (SL-၁၉၁၆၃၀) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ ၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (SL-၁၉၃၆၃၄) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ၁ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (SL-၁၉၁၆၃၆) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ ၁ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (SL-၁၉၂၆၃၉) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ၁ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (SL-၁၉၀၆၄၀) အထိ၊ ထိုမှ အနောက်ဘက်သို့ ၁ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (SL-၁၈၇၆၄၀) အထိ၊ ထိုမှ မြောက်ဘက်သို့ ၁ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (SL-၁၈၇၆၄၅) အထိ၊ ထိုမှ အရှေ့ဘက်သို့ ၁ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (SL-၁၉၀၆၄၆) အထိ၊ ထိုမှ မြောက်စူးစူးသို့ ၆ ဖာလုံခန့်လာရာ မူလစတင်သည့် ခန့်မှန်းမြေပုံညွှန်း (SL-၁၉၀၆၆၀) အထိ။

## ၂။ **သစ်တောကြေးတိုင်အရာရှိခန့်အပ်ခြင်း**

ကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ ကြေညာချက်တွင်ပါရှိသော တားမြစ်ချက်များအရ ပေါ်ပေါက်လာမည့် အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် စီမံခန့်ခွဲနိုင်ရန် သစ်တောဥပဒေပုဒ်မ-၆၊ ပုဒ်မခွဲ (ဂ) အရ ညွှန်ကြားရေးမှူးချုပ်အား သစ်တောကြေးတိုင်အရာရှိအဖြစ် ခန့်အပ်လိုက်သည်။

## ၃။ **လုပ်ငန်းအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း**

ထို့အပြင် ကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ ကြေညာချက်တွင်ပါရှိသော တားမြစ်ချက်များအရ ပေါ်ပေါက်လာမည့် အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် စီမံခန့်ခွဲနိုင်ရန် သစ်တောဥပဒေပုဒ်မ-၆၊ ပုဒ်မခွဲ (ဂ) အရ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်၍ ဒေသခံတိုင်းရင်းသားပြည်သူများ၊ သက်ဆိုင်ရာကျွမ်းကျင်ပညာရှင်များ ပါဝင်သည့် အောက်ဖော်ပြပါ လုပ်ငန်းအဖွဲ့အား တာဝန်ပေးအပ်လိုက်သည်-

| စဉ် | ရာထူး | တာဝန် |
|---|---|---|
| ၁ | ညွှန်ကြားရေးမှူးချုပ်<br>သစ်တောဦးစီးဌာန | ဥက္ကဋ္ဌ |
| ၂ | မြို့နယ်အုပ်ချုပ်ရေးမှူး<br>မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဖောင်းပြင်မြို့နယ် | အဖွဲ့ဝင် |
| ၃ | မြို့နယ်ဦးစီးအရာရှိ<br>မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ဖောင်းပြင်မြို့နယ် | အဖွဲ့ဝင် |
| ၄ | ဦးအောင်စိန်<br>ဒေသခံပြည်သူ၊ မိုင်းချောင်းကျေးရွာ၊ ဖောင်းပြင်မြို့နယ် | အဖွဲ့ဝင် |
| ၅ | ဦးကျော်မြင့်အောင်<br>ဒေသခံပြည်သူ၊ သငါကျေးရွာ၊ ဖောင်းပြင်မြို့နယ် | အဖွဲ့ဝင် |
| ၆ | မြို့နယ်ဦးစီးအရာရှိ<br>မြို့နယ်သစ်တောဦးစီးဌာန၊ ဖောင်းပြင်မြို့နယ် | အတွင်းရေးမှူး |

**(ပြည်ထောင်စုဝန်ကြီးရုံး)**
**အမိန့်ကြော်ငြာစာအမှတ် (၂၅၁/၂၀၁၉)**
၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်
(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်)

**မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော တိုးချဲ့ဖွဲ့စည်းမည့်ဧရိယာအဖြစ် သတ်မှတ်ရန် ရည်ရွယ်ကြောင်း ကြေညာခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ် မေလတွင် ပြဋ္ဌာန်းခဲ့သည့် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (ဃ) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုကျင့်သုံး၍ ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဘိုကလေးမြို့နယ်နှင့် ဖျာပုံမြို့နယ်အတွင်းကျရောက်သည့် ကုန်းမြေဧရိယာ (၂၇၄၀) ဧကနှင့် ရေပြင်ဧရိယာ (၆၉၀၀) ဧက၊ စုစုပေါင်းဧရိယာအကျယ်အဝန်း (၉၆၄၀) ဧကရှိမြေကို ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းကာကွယ်ရန်အလို့ငှာ ဖျာပုံခရိုင်၊ ဘိုကလေးမြို့နယ်အတွင်းကျရောက်နေသည့် (၁၃၇၇၆) ဧကရှိ မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောဧရိယာအတွင်းသို့ တိုးချဲ့ထည့်သွင်းနိုင်ရန် **မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော တိုးချဲ့ဖွဲ့စည်းမည့်ဧရိယာ** အဖြစ် ၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက် (၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်) မှစ၍ သတ်မှတ်ရန် ရည်ရွယ်ကြောင်း ကြေညာလိုက်သည်။

**နယ်နိမိတ်အလားအလာဖော်ပြချက်**

၁။ နယ်နိမိတ်လားရာဖော်ပြချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

မြောက်ဘက် ။ ခန့်မှန်းမြေပုံအညွှန်း (GN-365370) မှအစပြု၍ အရှေ့တောင်ဘက်သို့ ၇၂၃ ကိုက်ခန့်သွားသော် ခန့်မှန်းမြေပုံအညွှန်း (GN-369365) အထိ၊ ထိုမှ အရှေ့ဘက်သို့ ၃၁၀၁ ကိုက်ခန့်သွားသော် ခန့်မှန်းမြေပုံအညွှန်း (GN-398363) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ ၆၁၃ ကိုက်ခန့်သွားသော် ခန့်မှန်းမြေပုံအညွှန်း (GN-400368) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ၁၁၃၀ ကိုက်ခန့် သွားသော် ခန့်မှန်းမြေပုံအညွှန်း (GN-403358) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ၂၂၃ ကိုက်ခန့်သွားသော် ခန့်မှန်းမြေပုံအညွှန်း (GN-404357) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ ၂၆၇ ကိုက်ခန့်သွားသော် ခန့်မှန်းမြေပုံအညွှန်း (GN-406358) အထိ၊ ထိုမှ အရှေ့ဘက်သို့ ၂၉၁ ကိုက်ခန့်သွားသော် ခန့်မှန်းမြေပုံအညွှန်း (GN-409358) အထိ၊ ထိုမှ မြောက်ဘက်သို့ ၂၇၁ ကိုက်ခန့်သွားသော် ခန့်မှန်းမြေပုံအညွှန်း (GN-412364) အထိ၊ ထိုမှ အရှေ့ဘက်သို့ ၂၀၉၆ ကိုက်ခန့်သွားသော် ခန့်မှန်းမြေပုံအညွှန်း (GN-431364) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ၁၆၃၁ ကိုက်ခန့်သွားသော် ခန့်မှန်းမြေပုံအညွှန်း (GN-435350) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ ၂၁၈၄ ကိုက်ခန့်သွားသော် ခန့်မှန်းမြေပုံအညွှန်း (GN-453359) အထိ၊ ထိုမှ အရှေ့ဘက်သို့ ၅၄၀၉ ကိုက်ခန့်သွားသော် ခန့်မှန်းမြေပုံအညွှန်း (GN-502361) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ ၄၁၀၁ ကိုက်ခန့်သွားသော် ခန့်မှန်းမြေပုံအညွှန်း (GN-537374) အထိ၊ ထိုမှ အရှေ့ဘက်သို့ ၆၀၈ ကိုက်ခန့်သွားသော် ခန့်မှန်းမြေပုံအညွှန်း (GN-542373) အထိ၊

အရှေ့ဘက် ။ ခန့်မှန်းမြေပုံအညွှန်း (GN-542373) မှအစပြု၍ အနောက်တောင်ဘက်သို့ ၂၅၅၀ ကိုက်ခန့်သွားသော် ခန့်မှန်းမြေပုံအညွှန်း (GN-527356) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ၃၈၅၀ ကိုက်ခန့်သွားသော် ခန့်မှန်းမြေပုံအညွှန်း (GN-497338) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ၃၄၀၆ ကိုက်ခန့်သွားသော် ခန့်မှန်းမြေပုံအညွှန်း (GN-468330) အထိ၊

တောင်ဘက် ။ ခန့်မှန်းမြေပုံအညွှန်း (GN-468330) မှအစပြု၍ အနောက်ဘက်သို့ ၂၂၂၄ ကိုက်သွားသော် ခန့်မှန်းမြေပုံအညွှန်း (GN-446332) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ၂၇၃၆ ကိုက်ခန့်သွားသော် ခန့်မှန်းမြေပုံအညွှန်း (GN-424343) အထိ၊ ထိုမှ အနောက်ဘက်သို့ ၆၁၆၅ ကိုက်ခန့်သွားသော် ခန့်မှန်းမြေပုံအညွှန်း (GN-368340) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ၁၄၆၉ ကိုက်ခန့်သွားသော် ခန့်မှန်းမြေပုံအညွှန်း (GN-356347) အထိ၊

အနောက်ဘက် ။ ခန့်မှန်းမြေပုံအညွှန်း (GN-356347) မှအစပြု၍ မြောက်ဘက်သို့ (၂၁၈၈) ကိုက်ခန့်သွားသော် ခန့်မှန်းမြေပုံအညွှန်း (GN-358368) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ (၇၂၀) ကိုက်ခန့် သွားသော် ခန့်မှန်းမြေပုံအညွှန်း (GN-365370) အထိ။

**တားမြစ်ချက်များ**

၂။ မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအား တိုးချဲ့သတ်မှတ်မည့် နယ်မြေအတွင်း အောက်ဖော်ပြပါတို့ကို မပြုလုပ်ရန်တားမြစ်လိုက်သည်-

(က) အဆိုပြုနယ်မြေအတွင်း မည်သည့် ငါးဖမ်းရေယာဉ်မဆို ငါးဖမ်းဆီးခြင်း၊

(ခ) ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊

(ဂ) ရေထု၊ လေထုကို ညစ်ညမ်းစေခြင်း၊ ရေစီး ရေလာပျက်စီးစေခြင်း သို့မဟုတ် ရေတွင်အဆိပ်ခတ်ခြင်း၊ အဆိပ်အတောက်ဖြစ်စေသောပစ္စည်းကိုဖြစ်စေ၊ ဓာတ်သတ္တုအညစ်အကြေးကိုဖြစ်စေ ခွင့်ပြုချက်မရှိဘဲ လက်ဝယ်ထားရှိခြင်း သို့မဟုတ် စွန့်ပစ်ခြင်း၊

(ဃ) မည်သည့် တောရိုင်းတိရစ္ဆာန်ကိုမျှ အဆိုပြုနယ်မြေအတွင်းသော်လည်းကောင်း၊ ၎င်းနှင့် ဆက်စပ်နေသည့် နေရာဒေသတွင်လည်းကောင်း ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း သို့မဟုတ် အနာတရဖြစ်စေခြင်း၊ ယင်းတောရိုင်းတိရစ္ဆာန်ကိုဖြစ်စေ၊ ယင်း၏ အစိတ်အပိုင်းကိုဖြစ်စေ လက်ဝယ်ထားခြင်း၊ ရောင်းချခြင်း၊ သယ်ဆောင်ခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းနှင့် သဘာဝအပင်နှင့် သစ်တောထွက်ပစ္စည်းများ ဖျက်ဆီးခြင်း၊ ခုတ်လှဲခြင်း၊ ထုတ်ယူခြင်း၊ စုဆောင်းခြင်း၊

(င) သက်ရှိသက်မဲ့ဖွဲ့စည်းမှုကိုဖြစ်စေ၊ သဘာဝအနေအထားတည်ရှိမှုတစ်ခုခုကိုဖြစ်စေ ဖျက်ဆီးခြင်း၊

(စ) လူတို့မွေးမြူထားသောတိရစ္ဆာန်များကို စားကျက်ချခြင်း၊ လွှတ်ကျောင်းခြင်း သို့မဟုတ် ကျူးကျော်ဝင်ရောက်စေခြင်း၊

(ဆ) မြေကိုတူးဆွခြင်း၊ ထွန်ယက်စိုက်ပျိုးခြင်း သို့မဟုတ် လုပ်ငန်းတစ်ခုခုလုပ်ကိုင်ခြင်း၊

(ဇ) မီးကူးစက်ပြန့်ပွားစေနိုင်သော မီးမွှေးခြင်း၊ မီးဖိုခြင်း၊ မီးသယ်ယူခြင်း သို့မဟုတ် မီးကြွင်းမီးကျန်ထားရှိခြင်း။

**ပဏာမစိစစ်ရေးအဖွဲ့**

၃။ သဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ် သတ်မှတ်ဖွဲ့စည်းမည့်နယ်မြေရှိ အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို သတ်မှတ်ထားသည့်နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေးနိုင်ရန်နှင့် နယ်မြေသတ်မှတ်ဖွဲ့စည်းရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေး နယ်မြေများကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (င) အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များ ပါဝင်သည့် ပဏာမစိစစ်ရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

(က) အုပ်ချုပ်ရေးမှူး ဥက္ကဋ္ဌ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဖျာပုံခရိုင်

(ခ) လက်ထောက်ညွှန်ကြားရေးမှူး အဖွဲ့ဝင်
လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန
ဖျာပုံခရိုင်

(ဂ) လက်ထောက်ညွှန်ကြားရေးမှူး အဖွဲ့ဝင်
သစ်တောဦးစီးဌာန၊ မြောင်းမြခရိုင်၊ မြောင်းမြမြို့

(ဃ) အုပ်ချုပ်ရေးမှူး အဖွဲ့ဝင်
မိန်းမလှကျွန်း၊ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော

(င) အုပ်ချုပ်ရေးမှူး အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ဘဝသစ်ကျေးရွာအုပ်စု၊ အမာမြို့နယ်

(စ) တာဝန်ခံ အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ဘဝသစ်ကျေးရွာအုပ်စု

(ဆ) ဒေသခံတိုင်းရင်းသားကိုယ်စားလှယ် ခတ္တာကျွန်းရွာ — အဖွဲ့ဝင်

(ဇ) ဦးစီးအရာရှိ သစ်တောဦးစီးဌာန၊ ဘိုကလေးမြို့နယ် — တွဲဖက်အတွင်းရေးမှူး

(ဈ) ဦးစီးအရာရှိ သစ်တောဦးစီးဌာန၊ ဖျာပုံမြို့နယ် — အတွင်းရေးမှူး

၄။ **လုပ်ငန်းတာဝန်**။ ပဏာမစိစစ်ရေးအဖွဲ့သည် နောက်ဆက်တွဲ (က) ပါ ကြေးတိုင်ပုံစံများအရ သတ်မှတ်ဖွဲ့စည်းမည့် သဘာဝထိန်းသိမ်းရေးနယ်မြေတည်ရှိရာ နယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေး ထိခိုက်နစ်နာမှုများကို စုံစမ်းစစ်ဆေးရန်နှင့် နယ်မြေသတ်မှတ်ရန်အတွက် အောက်ပါလုပ်ငန်းတာဝန်များကို လိုက်နာဆောင်ရွက်ရမည်-

(က) မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောကို တိုးချဲ့သတ်မှတ်ဖွဲ့စည်းမည့်အကြောင်းနှင့် သတ်မှတ်ဖွဲ့စည်းရန်ရည်ရွယ်ကြောင်း ကြိုတင်ကြေညာသည့် နယ်မြေဒေသရှိ အများပြည်သူတို့သည် မိမိတို့၏အခွင့်အရေးများ ထိခိုက်နစ်နာမှုရှိပါက ခိုင်လုံသောအထောက်အထားဖြင့် ပဏာမ စိစစ်ရေးအဖွဲ့သို့ ကြိုတင်ကြေညာသည့်နေ့မှ ရက်ပေါင်း (၉၀) အတွင်း တင်ပြတောင်းခံနိုင်ရေး၊ ဆိုင်ရာဆိုင်ခွင့်လျှောက်ထားနိုင်ကြောင်း သက်ဆိုင်သူအားလုံးသိရှိစေရန် သက်ဆိုင်ရာ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးများမှတစ်ဆင့် အသိပေးကြေညာခြင်း၊

(ခ) ရည်ရွယ်ကြောင်းကြေညာထားသည့် နယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေးမနစ်နာ စေရေး လျှောက်ထားတင်ပြလာသူ တစ်ဦးချင်းစီ၏ ဆိုင်ရာဆိုင်ခွင့်လျှောက်ထားချက်များအား အထောက်အထားခိုင်လုံမှု ရှိ မရှိကို စစ်ဆေးခြင်း ရှိ မရှိနှင့် စာရင်းများကို ကြေးတိုင်ပုံစံတွင် ထည့်သွင်းဖော်ပြနိုင်ရန်ပြုစုခြင်း၊

(ဂ) အဆိုပါ တင်ပြလျှောက်ထားလာမှုနှင့်ပတ်သက်၍ တရားမကျင့်ထုံးဥပဒေအရ လိုအပ်သော သက်သေများကို ဆင့်ခေါ်ခြင်းနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများ စစ်ဆေးခြင်း၊ အစိုးရက ခွင့်ပြုရန်ရှိသည့်ကိစ္စအတွက် ထောက်ခံတင်ပြသည့်လျော်ကြေးငွေစာရင်းကိုပြုစုခြင်း၊

(ဃ) သတ်မှတ်သည့်နယ်မြေဒေသအတွင်း လူနေကျေးရွာများ၊ အများပိုင်မြေများ၊ အစိုးရဌာန စီမံခန့်ခွဲခွင့်ရှိသည့်မြေများ၊ ဘာသာရေးဆိုင်ရာမြေများ စသည့်တို့ကို ချန်လှပ်ခြင်း၊ ထည့်သွင်း ဖွဲ့စည်းသင့်သည့် မြေအမျိုးအစားများအတွက် ဒေသခံများအသုံးချနေသည့်မြေများကို ဆိုင်ရာ ဆိုင်ခွင့်စာရင်းတွင် ထည့်သွင်းခြင်း၊ ကြားခံနယ်မြေများကို ဖော်ထုတ်သတ်မှတ်ခြင်း၊

(င) သတ်မှတ်ပြီး မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ဖွဲ့စည်းစဉ်က အများပြည်သူများ၏ အခွင့်အရေးများ နစ်နာမှုအတွက် တောင်းဆိုလာသည့် ဆိုင်ရာဆိုင်ခွင့် သတ်မှတ်ပေးရန်ကျန်ခဲ့သည့် တောင်းခံမှုကိစ္စရပ်များအတွက်ပါ စိစစ်ပြီးတိုးချဲ့ဖွဲ့စည်းမည့် အမိန့်ကြော်ငြာစာတွင် မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်း ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများအဖြစ် ထည့်သွင်း သတ်မှတ်ပေးရန် စာရင်းပြုစုခြင်း၊

(စ) ကြေးတိုင်ပုံစံများကို လုပ်ထုံးလုပ်နည်းနှင့်အညီပြုစု၍ သတ်မှတ်အချိန်ကာလအတွင်း မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော တိုးချဲ့ဖွဲ့စည်းမည့်ဧရိယာ၏ အမိန့်ကြော်ငြာစာ (မူကြမ်း) နှင့်တကွ ပြန်လည်တင်ပြခြင်း။

၅။ ဤအမိန့်ကြော်ငြာစာပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ပါက ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေအရ အရေးယူခြင်းခံရမည်။

အုန်းဝင်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပညာရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၆၁/၂၀၁၉)

၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၅ ရက်

(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်)

၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂၅/၂၀၁၉) စားပွဲတင်အစီအစဉ် (၆) ၏ သဘောတူဆုံးဖြတ်ချက်အရ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ အစိုးရစက်မှုလက်မှုသိပ္ပံ (နေပြည်တော်) တွင် ကျောင်းအုပ်ကြီး (တာဝန်) ထမ်းဆောင်လျက်ရှိသော ဒေါက်တာမင်းမင်းထွန်း၊ ဒုတိယကျောင်းအုပ်ကြီး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) အား ကျောင်းအုပ်ကြီးရာထူး၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ကို ကျော်ထောက်နောက်ခံပြု၍ ကျောင်းအုပ်ကြီးတာဝန် ထမ်းဆောင်စေလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၆၂/၂၀၁၉)

၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂၅/၂၀၁၉) စားပွဲတင်အစီအစဉ် (၆) ၏ သဘောတူဆုံးဖြတ်ချက်အရ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ အစိုးရစက်မှုလက်မှုသိပ္ပံ၊ ကျောင်းနှင့် ဌာနများမှ အောက်ဖော်ပြပါ ဒုတိယကျောင်းအုပ်ကြီး/ဒုတိယညွှန်ကြားရေးမှူး/တွဲဖက်ပါမောက္ခ၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) (၇) ဦးအား ယှဉ်တွဲဖော်ပြပါအတိုင်း ကျောင်းအုပ်ကြီး (GTHS)၊ ဒုတိယကျောင်းအုပ်ကြီး (GTI)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးသို့ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | လက်ရှိရာထူး၊ ကျောင်း | တိုးမြှင့်ခန့်ထားသည့်ရာထူး၊ ဌာန၊ ကျောင်း |
|---|---|---|---|
| ၁။ | ဦးဝေယန်ကို | ဒုတိယညွှန်ကြားရေးမှူး<br>နည်းပညာ၊ သက်မွေးပညာနှင့်<br>လေ့ကျင့်ရေးဦးစီးဌာန (ရုံးချုပ်) | ဒုတိယကျောင်းအုပ်ကြီး<br>အစိုးရစက်မှုလက်မှုသိပ္ပံ<br>(နေပြည်တော်) |
| ၂။ | ဦးမျိုးမြင့်ခိုင် | ဒုတိယကျောင်းအုပ်ကြီး<br>အစိုးရနည်းပညာအထက်တန်း<br>ကျောင်း (ပြည်) | ဒုတိယကျောင်းအုပ်ကြီး<br>အစိုးရစက်မှုလက်မှုသိပ္ပံ<br>(သံတွဲ) |
| ၃။ | ဒေါက်တာရီရီမွန် | တွဲဖက်ပါမောက္ခ<br>အစိုးရစက်မှုလက်မှုသိပ္ပံ<br>(ကျောက်ပန်းတောင်း) | ဒုတိယကျောင်းအုပ်ကြီး<br>အစိုးရစက်မှုလက်မှုသိပ္ပံ<br>(ကျောက်ပန်းတောင်း) |
| ၄။ | ဦးအောင်ကိုလတ် | ဒုတိယညွှန်ကြားရေးမှူး<br>နည်းပညာ၊ သက်မွေးပညာနှင့်<br>လေ့ကျင့်ရေးဦးစီးဌာန (ရုံးချုပ်) | ကျောင်းအုပ်ကြီး<br>အစိုးရနည်းပညာအထက်တန်း<br>ကျောင်း (လှိုင်သာယာ) |
| ၅။ | ဒေါက်တာ<br>ဇော်လင်းထွန်း | ဒုတိယညွှန်ကြားရေးမှူး<br>နည်းပညာ၊ သက်မွေးပညာနှင့်<br>လေ့ကျင့်ရေးဦးစီးဌာန (ရုံးချုပ်) | ဒုတိယကျောင်းအုပ်ကြီး<br>[ကျောင်းအုပ်ကြီး (တာဝန်)]<br>အစိုးရစက်မှုလက်မှုသိပ္ပံ<br>(လှိုင်ကော်) |

| စဉ် | အမည် | လက်ရှိရာထူး၊ ကျောင်း | တိုးမြှင့်ခန့်ထားသည့်ရာထူး၊ ဌာန၊ ကျောင်း |
|---|---|---|---|
| ၆။ | ဒေါက်တာ ဇာနည်ထွန်း | တွဲဖက်ပါမောက္ခ အစိုးရစက်မှုလက်မှုသိပ္ပံ (မန္တလေး) | ကျောင်းအုပ်ကြီး အစိုးရနည်းပညာအထက်တန်းကျောင်း (ကျောက်ဆည်) |
| ၇။ | ဒေါက်တာ မြသီတာထွန်း | တွဲဖက်ပါမောက္ခ နည်းပညာမြှင့်တင်ရေးသင်တန်းဌာန (ဘယ်လင်း) | ဒုတိယကျောင်းအုပ်ကြီး အစိုးရနည်းပညာကောလိပ် (မြင်းခြံ) |

ဒေါက်တာမျိုးသိမ်းကြီး
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၉ ရက်
(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်)

အမှတ် ၁၉ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်စွဲပါ စာအမှတ်၊ ၃မက (ခ) ၂၀၁၉/၁၉၇၂၈ ဖြင့် ခွင့်ပြုချက်အရ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန သူနာပြုတက္ကသိုလ် (ရန်ကုန်) မှ ပါမောက္ခချုပ် ပါမောက္ခဒေါက်တာမြတ်သန္တာ (ဆမ-၁၀၄၇၆) ၏ အငြိမ်းစား မယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုပါရန် လျှောက်ထားခြင်းအား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တို့အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

ထိုသို့ငြင်းပယ်ခဲ့သည့် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို အသက် (၆၀) နှစ်ပြည့်သည့် ၂၀၂၀ ပြည့်နှစ်၊ မေလ ၆ ရက်နေ့မှစတင်ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၆ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

ဒေါက်တာမြင့်ထွေး
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၀၁/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၅ ရက်
(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်)

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်မှ ဒုတိယအထွေထွေမန်နေဂျာ၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဒေါ်တင်တင်လှိုင် အား မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်တွင် လစ်လပ်လျက်ရှိသော အထွေထွေမန်နေဂျာ၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးနေရာသို့ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၀၂/၂၀၁၉)

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ဒုတိယအထွေထွေမန်နေဂျာ၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဒေါ်ဥမ္မာကျော် အား မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် လစ်လပ်လျက်ရှိသော အထွေထွေမန်နေဂျာ၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးနေရာသို့ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၀၃/၂၀၁၉)

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဦးရဲထွဋ်အောင် အား အကောက်ခွန်ဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးနေရာသို့ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၀၅/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၉ ရက်
(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်)

### အခွန်မပြေကျန်ငွေများအား စိစစ်၍ ကောက်ခံရရှိနိုင်သော အခွန်ကြွေးကျန်များ ကောက်ခံရရှိရေးကြီးကြပ်ခြင်းနှင့် ကောက်ခံရရှိနိုင်ခြင်းမရှိသော အခွန်ကြွေးကျန်များအား စာရင်းမှပယ်ဖျက်နိုင်ရေး စိစစ်အတည်ပြုခြင်းအတွက် အဖွဲ့များမှ အဖွဲ့ဝင်ပယ်ဖျက်ခြင်း

၁။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနသည် နှစ်အဆက်ဆက် အကြောင်းအမျိုးမျိုးကြောင့် ကောက်ခံရန်ကျန်ရှိနေသည့် အခွန်မပြေကျန်ငွေများအနက် ကောက်ခံရရှိနိုင်သည်များကို အပြည့်အဝကောက်ခံရရှိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ကောက်ခံရရှိနိုင်ခြင်းမရှိသော အခွန်ကြွေးကျန်များအား "အခွန်မပြေကျန်ငွေများအား စိစစ်၍ ကောက်ခံရရှိနိုင်သော အခွန်ကြွေးကျန်များ ကောက်ခံရရှိရေး ကြီးကြပ်ခြင်းနှင့် ကောက်ခံရရှိနိုင်ခြင်းမရှိသော အခွန်ကြွေးကျန်များအား စာရင်းမှ ပယ်ဖျက်နိုင်ရေး စိစစ်အတည်ပြုခြင်းအတွက် အဖွဲ့" များကို ယခင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၀၁၉ ခုနှစ်၊ မေလ ၂၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၉/၂၀၁၉ ဖြင့် ဖွဲ့စည်းခဲ့ပါသည်။

၂။ အဆိုပါ အမိန့်ကြော်ငြာစာ၌ တိုင်းဒေသကြီး/ပြည်နယ်အလိုက် အခွန်မပြေကျန်ငွေများ စိစစ်အတည်ပြုရေးအဖွဲ့တွင် တိုင်းဒေသကြီး/ပြည်နယ်အလိုက် စာရင်းစစ်ချုပ်ရုံးများရှိ ညွှန်ကြားရေးမှူးများနှင့် ပြည်ထောင်စုနယ်မြေ အခွန်မပြေကျန်ငွေများ စိစစ်အတည်ပြုရေးအဖွဲ့တွင် နေပြည်တော်ကောင်စီ စာရင်းစစ်ရုံးရှိ ညွှန်ကြားရေးမှူးတို့အား အဖွဲ့ဝင်များအဖြစ် ပါဝင်ဖွဲ့စည်းထားခဲ့ပါသည်။

၃။ ထိုသို့ အဖွဲ့ဝင်အဖြစ် ပါဝင်ဖွဲ့စည်းထားခြင်းမှာ INTOSAI Principles (INTOSAI P-1) Lima Declaration နှင့် ညီညွတ်မှုမရှိပါ၍ ယခင်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၀၁၉ ခုနှစ်၊ မေလ ၂၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၉/၂၀၁၉ အပိုဒ် ၂၊ အပိုဒ်ခွဲ (က)၊ အပိုဒ်ခွဲငယ် (၄) ရှိ ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီး/ပြည်နယ်စာရင်းစစ်ချုပ်ရုံးတို့အားလည်းကောင်း၊ အပိုဒ်ခွဲ (ခ)၊ အပိုဒ်ခွဲငယ် (၄) ရှိ ညွှန်ကြားရေးမှူး၊ နေပြည်တော်ကောင်စီစာရင်းစစ်ရုံးအားလည်းကောင်း အဖွဲ့ဝင်အဖြစ်မှ ပယ်ဖျက်လိုက်သည်။

စိုးဝင်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ဆောက်လုပ်ရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၁၉၂/၂၀၁၉)**

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက်

(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်)

**မြေလွှဲပြောင်းပေးခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၅၁ ခုနှစ်၊ နိုင်ငံတော် ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့အက်ဥပဒေ ပုဒ်မ -၂၇ (၁) (ခ - ၁) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကို သုံးစွဲလျက် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁/ရုံးပေါင်းစုံ)၊ မြေကွက်အမှတ် (၁၄၂)၊ ဧရိယာ ၀. ၁၄၄ ဧကရှိ အစိုးရမြေကို ရန်ကုန်မြောက်ပိုင်းခရိုင်၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးမှူးရုံး အသုံးပြုရန်အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ အောက်ပါစည်းကမ်းချက်များဖြင့် လွှဲပြောင်းပေးလိုက်သည်-

(က) ဖော်ပြပါမြေကို အများပြည်သူအကျိုးငှာ ရန်ကုန်မြောက်ပိုင်းခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးမှူးရုံးအတွက်သာ အသုံးပြုရန်နှင့် အခြားနည်းဖြင့် အသုံးမပြုရ။

(ခ) မြေကို ရန်ကုန်မြောက်ပိုင်းခရိုင်၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးမှူးရုံးမှ အသုံးပြုရန် မလိုအပ်သည့်အခါ ထိုမြေကို ဤဝန်ကြီးဌာနသို့ ပြန်လည်အပ်နှံရန်နှင့် အစိုးရမှ ပြန်လည်သိမ်းယူမည်။

(ဂ) မြေကို အသုံးပြုရာတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ဤဝန်ကြီးဌာနတို့ အယူအဆ သဘောထား ကွဲလွဲမှုရှိသည့်အခါ ယင်းကိစ္စကို ပြည်ထောင်စုအစိုးရသို့ တင်ပြ၍ အဆုံးအဖြတ်ခံယူရမည်။

၂။ **လွှဲပြောင်းပေးသည့်မြေ၏ အကြောင်းအရာဖော်ပြချက်**

| တိုင်းဒေသကြီး | မြို့နယ် | မြေတိုင်း ရပ်ကွက် အမှတ် | မြေကွက် အမှတ် | ခန့်မှန်းမြေဧရိယာ | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | | ဧက | ဒသမ | |
| ရန်ကုန်တိုင်းဒေသကြီး | မင်္ဂလာဒုံ | ၁/ရုံးပေါင်းစုံ | ၁၄၂ | ၀ | ၁၄၄ | |
| **စုစုပေါင်း** | | | | **၀** | **၁၄၄** | |

၃။ **မြေကွက်အမှတ် (၁၄၂) ၏ နယ်နိမိတ်အလားအလာဖော်ပြချက်**

အရှေ့လားသော် - မြေကွက်အမှတ် (၁၄၃)

အနောက်လားသော် - မဟာဓာတ်အားလိုင်း

တောင်လားသော် - လမ်း

မြောက်လားသော် - မြေကွက်အမှတ် (၁၆၃၊ ၁၆၄)

၄။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော အစည်းအဝေးအမှတ်စဉ် (၂၇/၂၀၁၉) အရ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁/ရုံးပေါင်းစုံ)၊ မြေကွက်အမှတ် (၁၄၂)၊ ဧရိယာ ၀. ၁၄၄ ဧကရှိ အစိုးရမြေကို ရန်ကုန်မြောက်ပိုင်းခရိုင်၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးမှူးရုံး အသုံးပြုရန်အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ အမိန့်ကြော်ငြာစာ (ပြန်တမ်း) ဖြင့် လွှဲပြောင်း ပေးပါသည်။

# အမိန့်ကြော်ငြာစာအမှတ် (၁၉၃/၂၀၁၉)

## မြေလွှဲပြောင်းပေးခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၅၁ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ် ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့အက်ဥပဒေပုဒ်မ-၂၇ (၁) (ခ-၁) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကို သုံးစွဲလျက် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၄ ဒီ)၊ မြေကွက်အမှတ် ( ၃၃ အေ / ၁ )၊ ဧရိယာ ၁. ၄၆၅ ဧကရှိ အစိုးရမြေနေရာကို ကုသရေးဦးစီးဌာန၊ ကလေးအထူးကုဆေးရုံကြီး (ရန်ကုန်) အသုံးပြုရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ အောက်ပါစည်းကမ်းချက်များဖြင့် လွှဲပြောင်းပေးလိုက်သည်-

(က) ဖော်ပြပါမြေကို အများပြည်သူအကျိုးငှာ ကုသရေးဦးစီးဌာန၊ ကလေးအထူးကုဆေးရုံကြီး (ရန်ကုန်) အတွက်သာ အသုံးပြုရန်နှင့် အခြားနည်းဖြင့် အသုံးမပြုရ။

(ခ) ထိုမြေကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အသုံးပြုရန် မလိုအပ်သည့်အခါ ဤဝန်ကြီးဌာနသို့ ပြန်လည်အပ်နှံရန်နှင့် အစိုးရမှ ပြန်လည်သိမ်းယူမည်။

(ဂ) မြေကို အသုံးပြုရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ဤဝန်ကြီးဌာနတို့ အယူအဆ သဘောထား ကွဲလွဲမှုရှိသည့်အခါ ယင်းကိစ္စကို ပြည်ထောင်စုအစိုးရသို့ တင်ပြ၍ အဆုံးအဖြတ် ခံယူရမည်။

၂။ **လွှဲပြောင်းပေးသည့်မြေ၏ အကြောင်းအရာဖော်ပြချက်**

| တိုင်းဒေသကြီး | မြို့နယ် | မြေတိုင်းရပ်ကွက်အမှတ် | မြေကွက်အမှတ် | ခန့်မှန်းမြေဧရိယာ | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | | ဧက | ဒသမ | |
| ရန်ကုန်တိုင်းဒေသကြီး | ဒဂုံ | ၂၄ ဒီ | (၃၃အေ / ၁) | ၁ | ၄၆၅ | |
| **စုစုပေါင်း** | | | | **၁** | **၄၆၅** | |

၃။ **မြေကွက်အမှတ် ( ၃၃အေ / ၁ )၏ နယ်နိမိတ်အလားအလာဖော်ပြချက်**

အရှေ့လားသော် - ၃၃ ဘီ

အနောက်လားသော် - ၃၆ အီး / ၂ နှင့် ၃၆ ဒီ

တောင်လားသော် - ပြည်ထောင်စုရိပ်သာလမ်း

မြောက်လားသော် - ၃၃ ဒီ / ၄ + ၃၃ ဒီ / ၅ နှင့် ၃၃ ဒီ / ၂ + ၃၃ အီး / ၁

၄။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော အစည်းအဝေးအမှတ်စဉ် (၃၉/၂၀၁၇) အရ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၄ ဒီ)၊ မြေကွက်အမှတ် ( ၃၃ အေ / ၁ )၊ ဧရိယာ ၁. ၄၆၅ ဧကရှိ အစိုးရမြေနေရာကို ကုသရေးဦးစီးဌာန၊ ကလေးအထူးကုဆေးရုံကြီး (ရန်ကုန်) အသုံးပြုရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ အမိန့်ကြော်ငြာစာ (ပြန်တမ်း) ဖြင့် လွှဲပြောင်းပေးပါသည်။

ဟန်ဇော်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဆောက်လုပ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၀၆/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၈ ရက်
(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်)

၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၇/၂၀၁၉) နှင့် ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂၄/၂၀၁၉) တို့၏ သဘောတူညီချက်အရ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) ရာထူးအဆင့်ရှိ အောက်ဖော်ပြပါ ဒုတိယညွှန်ကြားရေးမှူး (၂) ဦးအား ဦးစီးအရာရှိ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူး နေရာသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | လက်ရှိတာဝန်ထမ်းဆောင်သည့် ရာထူး၊ ဌာန | တိုးမြှင့်တာဝန်ချထားမည့် ရာထူး၊ ဌာန |
|---|---|---|---|
| (က) | ဒေါ်မြင့်မြင့်ဝင်း | ဒုတိယဦးစီးမှူး ဦးစီးရုံး (အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ် စီမံခန့်ခွဲမှုဌာနခွဲတွဲဖက်) | ဦးစီးအရာရှိ အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ် စီမံခန့်ခွဲမှုဌာနခွဲ |
| (ခ) | ဒေါ်နီလာဝင်း | ဒုတိယဦးစီးမှူး စီမံကိန်းနှင့် စာရင်းအင်းဌာနခွဲ | ဦးစီးအရာရှိ စီမံကိန်းနှင့် စာရင်းအင်းဌာနခွဲ |

ဒေါက်တာဝင်းမြတ်အေး
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန
## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၇၆/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၈ ရက်
(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်)

၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂၄/၂၀၁၉) ၏ သဘောတူညီချက်အရ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) ဦးဇော်မျိုးပိုင် အား ကချင်ပြည်နယ် ညွှန်ကြားရေးမှူးရုံး၊ တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးသို့ လုပ်ငန်းတာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၇၇/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၂ ရက်

(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်)

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၂၈/၂၀၁၉) အရ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအယ်လ်တူးမိန်းဂေါင် ကို အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့် နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

နိုင်သက်လွင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရာထူးဝန်အဖွဲ့
## အမိန့်ကြော်ငြာစာအမှတ် (၇၁/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၉ ရက်

(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်)

ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၅၅၀,၀၀၀/-) ဦးညီညီစံ အား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တို့အရ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂၁ ရက်နေ့မှ မေလ ၂၀ ရက်နေ့အထိ ခံစားခွင့်ပြုလိုက်သည်။

ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၀ ပြည့်နှစ်၊ မေလ ၂၁ ရက်နေ့ နံနက်ပိုင်းမှစ၍ ၎င်းအား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က)၊ ပုဒ်မ ၅၇ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ဝင်းသိမ်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရာထူးဝန်အဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ရန်ကုန်တိုင်းဒေသကြီးအစိုးရ
## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
## အမိန့်ကြော်ငြာစာအမှတ် (၃၁/၂၀၁၉)

ရန်ကုန်မြို့၊ ၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၄ ရက်

(၂၀၁၉ ခုနှစ်၊ မေလ ၃ ရက်)

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ကော်မတီဝင်များ၏ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၉ ရက်နေ့တွင် ကျင်းပသော အစည်းအဝေးဆုံးဖြတ်ချက်အမှတ် ၅။ (က/၂၀) (၃) (၁) အရ ထုတ်လုပ်ရေးဌာနမှ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား) တွင် ခေတ္တဌာနမှူးတာဝန်ပေးအပ်ထားသော ဒုတိယဌာနမှူး (ညွှန်ကြားရေးမှူး)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဦးလင်းခိုင် (မစ-၀၈၄၅) အား လမ်း၊ တံတား ဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့၊ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား) တွင် လစ်လပ်လျက်ရှိသော ဌာနမှူး

(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးသို့ အလုပ်စတင်ဝင်ရောက်သည့်နေ့မှစ၍ အစမ်း (၁) နှစ် တိုးမြှင့်ခန့်ထားလိုက်သည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ကော်မတီဝင်များ၏ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၉ ရက်နေ့တွင် ကျင်းပသော အစည်းအဝေးဆုံးဖြတ်ချက်အမှတ် ၅။ (က/၂၀) (၃) (၂) အရ ထုတ်လုပ်ရေးဌာနမှ ကော်မတီရုံးတွင် တွဲဖက်တာဝန်ပေးအပ်ထားသော ဒုတိယဌာနမှူး (ညွှန်ကြားရေးမှူး)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဦးညာဏ်လင်းစိုး (မစ-၁၇၀၈) အား ပြည်သူ့ကျန်းမာရေးနှင့် ဈေးများလုပ်ငန်းတာဝန်ခံအဖွဲ့၊ ထုတ်လုပ်ရေးဌာနတွင် လစ်လပ်လျက်ရှိသော တွဲဖက်ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးသို့ အလုပ်စတင် ဝင်ရောက်သည့်နေ့မှစ၍ အစမ်း (၁) နှစ် တိုးမြှင့်ခန့်ထားလိုက်သည်။

မောင်မောင်စိုး
ဥက္ကဋ္ဌ (မြို့တော်ဝန်)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ၂၀၁၉ - ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် စစ်ကိုင်းတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ

## (၂၀၁၉ ခုနှစ်၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၄။)

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်
(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်)

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အပိုင်း ၁

### အမည်နှင့် စတင်အကျိုးသက်ရောက်သည့်နေ့ရက်

၁။ (က) ဤဥပဒေကို **၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်၊ စစ်ကိုင်းတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ** ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့ထိ ကုန်ဆုံးသည့်ကာလအတွက် ဖြစ်စေရမည်။

(ဂ) ဤဥပဒေသည် ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

### အပိုင်း ၂

### တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးအဆင့်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

၂။ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးအဆင့်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် တိုင်းဒေသကြီး၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ဆောင်ရွက်၍ရသော ရငွေများကို တိုင်းဒေသကြီး၏ဘဏ္ဍာရန်ပုံငွေသို့ပေးသွင်း၍ ထုတ်ပေးရန်ရှိသောသုံးငွေများကို တိုင်းဒေသကြီး၏ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးအဆင့်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့်ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၄။ (က) တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးအဆင့်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် ဤဥပဒေပါ ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် ဤဥပဒေအရ လျာထားသော ရငွေတို့ထက် တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေ ရသောရငွေများနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသော ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ခ) တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးအဆင့်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် ဤဥပဒေပါ သုံးငွေများကို စီမံခန့်ခွဲရာတွင် ဤဥပဒေအရ ခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ်လွှဲပြောင်းသုံးစွဲသည့် အသုံးစရိတ်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သုံးစွဲသည့်အသုံးစရိတ်များနှင့်စပ်လျဉ်း၍လည်းကောင်း တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသော ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ဂ) ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှဖြစ်ပေါ်လာသော အဖွဲ့အစည်းများ၏ လုပ်ငန်းလိုအပ်ချက်အရ မူလခွင့်ပြုငွေဘောင်အတွင်း ငွေလုံးငွေရင်းအသုံးစရိတ်လွှဲပြောင်းသုံးစွဲခြင်းနှင့် ထပ်မံလိုအပ်လျက်ရှိသော သာမန်အသုံးစရိတ်နှင့် ငွေလုံးငွေရင်းအသုံးစရိတ်တို့အား တိုင်းဒေသကြီး၏ပိုလျှံအပ်နှံငွေများမှ လွှဲပြောင်းသုံးစွဲခြင်းတို့နှင့်ပတ်သက်၍ အကျိုးအကြောင်းရှင်းလင်းဖော်ပြချက်များနှင့်အတူ အနီးကပ်ဆုံးကျင်းပသည့် တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူပြီး ပြောင်းလဲခြင်းများကို အမှန်စာရင်းတွင် ထည့်သွင်းဖော်ပြရမည်။

(ဃ) တိုင်းဒေသကြီးအစိုးရအဖွဲ့သည် အဖွဲ့အစည်းများ၏ လုပ်ငန်းလိုအပ်ချက်အရ ဇယား (၁) နှင့် (၃) တို့တွင် ဖော်ပြထားသော ရငွေများတိုးခြင်း၊ လျော့ခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ ဤဥပဒေ၏ ဇယား (၂) နှင့် (၄) တို့အရ ခွင့်ပြုထားသော အဖွဲ့အစည်းတစ်ခု၏ သုံးငွေများတွင်

သာမန်သုံးငွေများ ပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ ငွေလုံးငွေရင်းသုံးငွေများတွင် လုပ်ငန်းစီမံကိန်းများပြောင်းလဲခြင်းမရှိဘဲ မူလစီမံကိန်းတစ်ခုစီအတွင်း ငွေများပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း စိစစ်သုံးသပ်၍ ပြောင်းလဲပေးနိုင်သည်။ ထိုသို့ ရငွေများနှင့် သုံးငွေများ ပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသော ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှဖြစ်ပေါ်လာသော ပြောင်းလဲခြင်းများကို အမှန်စာရင်းတွင်လည်းကောင်း ကိစ္စတစ်ရပ်ချင်းအကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။

( င ) သာမန်သုံးငွေ၊ ငွေလုံးငွေရင်းသုံးငွေနှင့် ကြွေးမြီသုံးငွေများကို အဖွဲ့အစည်းတစ်ခုမှ အခြားအဖွဲ့အစည်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ ငွေလုံးငွေရင်းသုံးငွေတွင် အဖွဲ့အစည်းတစ်ခုအတွင်း လုပ်ငန်းစီမံကိန်းတစ်ခုမှ အခြားလုပ်ငန်းစီမံကိန်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့သည် တိုင်းဒေသကြီးလွှတ်တော်၏ အတည်ပြုချက်ဖြင့် ပြောင်းလဲပေးနိုင်သည်။

ထိုသို့ ရငွေများနှင့် သုံးငွေများပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသော ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှဖြစ်ပေါ်လာသော သာမန်အသုံးစရိတ်နှင့် ငွေလုံးငွေရင်းအသုံးစရိတ်ငွေများပြောင်းလဲခြင်းကို ကိစ္စတစ်ရပ်ချင်းအကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း အနီးကပ်ဆုံးကျင်းပသည့် တိုင်းဒေသကြီးလွှတ်တော်သို့တင်ပြ၍ ခွင့်ပြုချက်ရယူပြီး ပြောင်းလဲပေးနိုင်သည်။

( စ ) တိုင်းဒေသကြီးအစိုးရအဖွဲ့သည် လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုအစိုးရထံမှ ရယူဆောင်ရွက်နိုင်သည်။

၅။ တိုင်းဒေသကြီးအဆင့် ဌာန၊ အဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့နှင့်သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက်အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

## အပိုင်း ၃

## တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

၆။ တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် တိုင်းဒေသကြီး၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ဆောင်ရွက်၍ရသော ရငွေများကို တိုင်းဒေသကြီး၏ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို တိုင်းဒေသကြီး၏ ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၇။ (က) ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသောငွေများသည် တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများက စီမံကိန်းရည်မှန်းချက်များအရ ထမြောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ရည်မှန်းထားသောငွေများဖြစ်သည်။

( ခ ) တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၅) နှင့် (၆) တို့တွင် မိမိနှင့်

ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်း ပြုရမည်။

(ဂ) ရငွေများကိုစီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံး လုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) တိုင်းဒေသကြီးအစိုးရအဖွဲ့သည် တိုင်းဒေသကြီးအဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်း များ၏ လုပ်ငန်းလိုအပ်ချက်အရ ဇယား (၅) တွင် ဖော်ပြထားသော ရငွေများတိုးခြင်း၊ လျော့ခြင်း နှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ ဇယား (၆) အရ ခွင့်ပြုထားသောအဖွဲ့အစည်းတစ်ခု၏ သုံးငွေများတွင် သာမန်သုံးငွေနှင့် ငွေလုံးငွေရင်းသုံးငွေများ လွှဲပြောင်းသုံးစွဲခြင်းများနှင့် စပ်လျဉ်း၍သော်လည်းကောင်း ပုဒ်မ (၄)၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မခွဲ (ဃ) တို့တွင် ဖော်ပြထားသည့်အတိုင်း တိုင်းဒေသကြီးလွှတ်တော်၏ အတည်ပြုချက်ဖြင့် ပြောင်းလဲပေးနိုင်သည်။ ထိုသို့ ရငွေများနှင့် သုံးငွေများပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသော ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေ ငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှဖြစ်ပေါ်လာသော သာမန်အသုံးစရိတ်နှင့် ငွေလုံးငွေရင်း အသုံးစရိတ်ငွေများပြောင်းလဲခြင်းကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း အနီးကပ်ဆုံးကျင်းပသည့် တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြ၍ ခွင့်ပြုချက်ရယူပြီး ပြောင်းလဲပေးနိုင်သည်။

## အပိုင်း ၄
## အရေးပေါ်ရန်ပုံငွေ

၈။ (က) တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ၊ တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေး အဖွဲ့များသည် ဤဥပဒေပါ ဇယား (၄) တွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ တိုင်းဒေသကြီး ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနနှင့် ယှဉ်တွဲဖော်ပြထားသည့် အရေးပေါ်ရန်ပုံငွေမှကျခံ သုံးစွဲခြင်းကို ဘဏ္ဍာရေးနှစ်အတွင်း ကြိုတင်မမျှော်မှန်းနိုင်သည့်ကိစ္စရပ်များနှင့် သဘာဝ ဘေးအန္တရာယ်ကြောင့်ဖြစ်ပေါ်လာသည့် ကိစ္စရပ်များအတွက်သာလျှင် ဆောင်ရွက်ခွင့်ရှိသည်။

(ခ) ပုဒ်မခွဲ (က) အရ အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရသာ ခွင့်ပြုရမည်။

(ဂ) တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ပုဒ်မခွဲ (က) အရ အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲသည့်ကိစ္စရပ် များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ အနီးကပ်ဆုံး ကျင်းပသော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တင်ပြရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

ဒေါက်တာမြင့်နိုင်
ဝန်ကြီးချုပ်
စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့

ဇယား (၁)
(ကျပ်သန်းပေါင်း)

**တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်**

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများမှရငွေ | အခြားသာမန် ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ: ထုတ်ချေးငွေ အတွက် ပြန်ရငွေ | ကြွေးမြီ: ချေးယူရငွေ | အဖွဲ့အစည်း များတွင် ရင်းနှီးငွေမှ ရငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | အစိုးရအဖွဲ့ | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | ၉၅. ၂၀၀ | | ၁၀,၁၆၈. ၆၀၇ | | | ၃,၇၀၀. ၀၀၀ | | | | ၁၃,၉၆၃. ၈၀၇ |
| ၂ | လွှတ်တော် | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | | | ၀. ၀၆၀ | | | | | | | ၀. ၀၆၀ |
| ၃ | တရားရုံးများ | တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်က တာဝန်ပေးသူ | | | ၅၆၃. ၂၀၀ | | | | | | | ၅၆၃. ၂၀၀ |
| ၄ | ဥပဒေရုံးများ | တိုင်းဒေသကြီးဥပဒေချုပ် သို့မဟုတ် တိုင်းဒေသကြီးဥပဒေချုပ်က တာဝန်ပေးသူ | | | ၀. ၆၄၈ | | | | | | | ၀. ၆၄၈ |
| ၅ | စာရင်းစစ်ချုပ်ရုံး | တိုင်းဒေသကြီးစာရင်းစစ်ချုပ် သို့မဟုတ် တိုင်းဒေသကြီးစာရင်းစစ်ချုပ်က တာဝန်ပေးသူ | | | ၃. ၃၇၉ | | | | | | | ၃. ၃၇၉ |
| | **ပေါင်း** | | **၉၅. ၂၀၀** | | **၁၀,၇၃၅. ၈၉၄** | | | **၃,၇၀၀. ၀၀၀** | | | | **၁၄,၅၃၁. ၀၉၄** |

ဇယား (၂)
(ကျပ်သန်းပေါင်း)

## တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ - ထုတ်ချေးငွေ | ကြွေးမြီ - ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | အစိုးရအဖွဲ့ | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | ၁၈,၄၆၁. ၅၇၉ | | ၃,၇၀၀. ၀၀၀ | ၃၉,၁၅၅. ၀၇၃ | | | | ၆၁,၃၁၆. ၆၅၂ |
| ၂ | လွှတ်တော် | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | ၁,၂၇၅. ၆၆၇ | | | ၄၃. ၉၆၇ | | | | ၁,၃၁၉. ၆၃၄ |
| ၃ | တရားရုံးများ | တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်က တာဝန်ပေးသူ | ၅၃. ၆၁၀ | | | | | | | ၅၃. ၆၁၀ |
| ၄ | ဥပဒေရုံးများ | တိုင်းဒေသကြီးဥပဒေချုပ် သို့မဟုတ် တိုင်းဒေသကြီးဥပဒေချုပ်က တာဝန်ပေးသူ | ၁,၀၄၄. ၀၅၅ | | | ၄၉. ၀၀၀ | | | | ၁,၀၉၃. ၀၅၅ |
| ၅ | စာရင်းစစ်ချုပ်ရုံး | တိုင်းဒေသကြီးစာရင်းစစ်ချုပ် သို့မဟုတ် တိုင်းဒေသကြီးစာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၁,၈၃၃. ၃၆၆ | | | ၁၄၄. ၉၈၅ | | | | ၁,၉၇၈. ၃၅၁ |
| | ပေါင်း | | ၂၂,၆၆၈. ၂၇၇ | | ၃,၇၀၀. ၀၀၀ | ၃၉,၃၉၃. ၀၂၅ | | | | ၆၅,၇၆၁. ၃၀၂ |

ဇယား (၃)
(ကျပ်သန်းပေါင်း)

## တိုင်းဒေသကြီးအဆင့်ဝန်ကြီးဌာနများ၊ ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှရငွေ | ကြွေးမြီ: ထုတ်ချေးငွေအတွက် ပြန်ရငွေ | ကြွေးမြီ: ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ | စုစုပေါင်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | | **ပြည်တွင်းထွက်ကုန်နှင့် ပြည်သူပြည်သားများ သုံးစွဲမှုအပေါ် ကောက်ခံသည့် အခွန်အကောက်** | **တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ** | | | | | | | | | | |
| | ၁ | ယစ်မျိုးခွန် | | ၃,၃၆၉. ၀၆၃ | | | | | | | | | ၃,၃၆၉. ၀၆၃ |
| | ၂ | ကုန်သွယ်လုပ်ငန်းခွန် | | | | | | | | | | | |
| | ၃ | သယ်ယူပို့ဆောင်ရေးအခွန် | | | | | | | | | | | |
| ၂ | | **နိုင်ငံပိုင်သယံဇာတများ ထုတ်ယူသုံးစွဲမှုအပေါ် ကောက်ခံသည့်အခွန်အကောက်** | **ဂင်း** | | | | | | | | | | |
| | ၁ | မြေယာပေါ်တွင်ကောက်ခံသည့်အခွန် | | ၁၉၉. ၁၉၉ | | | | | | | | | ၁၉၉. ၁၉၉ |
| | ၂ | တာတမံခွန် | | ၀. ၁၃၉ | | | | | | | | | ၀. ၁၃၉ |
| | ၃ | သစ်တောများမှ ပစ္စည်းများ ထုတ်ယူသည့်အတွက်ကောက်ခံသည့် သစ်တောခွန် | | ၂၀၄. ၃၅၂ | | | | | | | | | ၂၀၄. ၃၅၂ |
| | ၄ | ဓာတ်သတ္တုပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် | | ၁၂၈. ၆၆၄ | | | | | | | | | ၁၂၈. ၆၆၄ |
| | ၅ | အင်းအိုင်ခွန် | | ၈၅၀. ၀၀၀ | | | | | | | | | ၈၅၀. ၀၀၀ |
| ၃ | | **စည်ပင်သာယာရေးကော်မတီများနှင့် စည်ပင်သာယာရေးအဖွဲ့များမှ ကောက်ခံသည့်အခွန်** | **ဂင်း** | | | | | | | | | | |
| | ၁ | ပစ္စည်းခွန် | | ၁,၀၄၅. ၅၈၅ | | | | | | | | | ၁,၀၄၅. ၅၈၅ |
| | ၂ | ဘီးခွန် | | ၂,၃၂၂. ၉၆၅ | | | | | | | | | ၂,၃၂၂. ၉၆၅ |
| ၄ | | **တိုင်းဒေသကြီး၏ စီးပွားရေးအဖွဲ့အစည်းများမှရငွေ** | **ဂင်း** | | | | | | | | | | |

ဇယား (၃) ။ ။ အဆုံး
(ကျပ်သန်းပေါင်း)

## တိုင်းဒေသကြီးအဆင့်ဝန်ကြီးဌာနများ၊ ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများမှရငွေ | အခြားသာမန် ရငွေ | အရေးပေါ် ရန်ပုံငွေ ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ: ထုတ်ချေးငွေ အတွက် ပြန်ရငွေ | ကြွေးမြီ: ချေးယူရငွေ | အဖွဲ့အစည်း များတွင် ရင်းနှီးငွေမှ ရငွေ | စုစုပေါင်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ |
| ၅ | | **ပြည်ထဲရေး** | **တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ** | | | **၆၃. ၃၈၂** | | | | | | | | **၆၃. ၃၈၂** |
| | ၁ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | | | ၀. ၃၈၂ | | | | | | | | ၀. ၃၈၂ |
| | ၂ | မီးသတ်ဦးစီးဌာန | | | | ၆၃. ၀၀၀ | | | | | | | | ၆၃. ၀၀၀ |
| ၆ | | **ပြည်ထောင်စုအစိုးရအဖွဲ့ရုံး** | **ရင်း** | | | **၄၃. ၃၄၅** | | | | | | | | **၄၃. ၃၄၅** |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | | | ၄၃. ၃၄၅ | | | | | | | | ၄၃. ၃၄၅ |
| ၇ | | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း** | **ရင်း** | | | **၄၉၄. ၇၁၅** | | | | | | | | **၄၉၄. ၇၁၅** |
| | ၁ | စိုက်ပျိုးရေးဦးစီးဌာန | | | | ၁၁၄. ၂၂၈ | | | | | | | | ၁၁၄. ၂၂၈ |
| | ၂ | ငါးလုပ်ငန်းဦးစီးဌာန | | | | ၂၂. ၀၀၀ | | | | | | | | ၂၂. ၀၀၀ |
| | ၃ | မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | | | | ၃၄၄. ၇၉၉ | | | | | | | | ၃၄၄. ၇၉၉ |
| | ၄ | သမဝါယမဦးစီးဌာန | | | | ၁၀. ၀၈၈ | | | | | | | | ၁၀. ၀၈၈ |
| | ၅ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | | | ၃. ၆၀၀ | | | | | | | | ၃. ၆၀၀ |
| ၈ | | **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး** | **ရင်း** | | | **၉၀. ၆၃၆** | | | | | | | | **၉၀. ၆၃၆** |
| | ၁ | သစ်တောဦးစီးဌာန | | | | ၆၈. ၆၄၈ | | | | | | | | ၆၈. ၆၄၈ |
| | ၂ | အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန | | | | ၀. ၀၂၅ | | | | | | | | ၀. ၀၂၅ |
| | ၃ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | | | | | | | | | | | | |
| | ၄ | သတ္တုတွင်းဦးစီးဌာန | | | | ၂၁. ၉၆၃ | | | | | | | | ၂၁. ၉၆၃ |
| ၉ | | **ကျန်းမာရေးနှင့် အားကစား** | **ရင်း** | | | **၆၁. ၀၁၀** | | | | | | | | **၆၁. ၀၁၀** |
| | ၁ | အားကစားနှင့် ကာယပညာဦးစီးဌာန | | | | ၆၁. ၀၁၀ | | | | | | | | ၆၁. ၀၁၀ |
| ၁၀ | | **စီမံကိန်းနှင့် ဘဏ္ဍာရေး** | **ရင်း** | | | **၀. ၁၁၀** | **၁,၀၀၀. ၀၀၀** | | | **၂၀၉,၉၁၄. ၁၉၈** | | | | **၂၁၀,၉၁၄. ၃၀၈** |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | | | ၀. ၁၀၀ | | | | | | | | ၀. ၁၀၀ |
| | ၂ | ဗဟိုစာရင်းအင်းအဖွဲ့ | | | | ၀. ၀၁၀ | | | | | | | | ၀. ၀၁၀ |
| | ၃ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | | | | ၁,၀၀၀. ၀၀၀ | | | ၂၀၉,၉၁၄. ၁၉၈ | | | | ၂၁၀,၉၁၄. ၁၉၈ |
| ၁၁ | | **ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး** | **ရင်း** | | | **၁. ၅၀၀** | | | | | | | | **၁. ၅၀၀** |
| | | ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | | | | ၁. ၅၀၀ | | | | | | | | ၁. ၅၀၀ |
| ၁၂ | | **ဆောက်လုပ်ရေး** | **ရင်း** | | | **၅၁၉. ၆၉၆** | | | | | | | | **၅၁၉. ၆၉၆** |
| | ၁ | မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | | | ၃၅၆. ၁၈၆ | | | | | | | | ၃၅၆. ၁၈၆ |
| | ၂ | လမ်းဦးစီးဌာန | | | | ၁၅၇. ၅၁၀ | | | | | | | | ၁၅၇. ၅၁၀ |
| | ၃ | ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန | | | | ၆. ၀၀၀ | | | | | | | | ၆. ၀၀၀ |
| ၁၃ | | **စည်ပင်သာယာရေးအဖွဲ့များ** | **ရင်း** | | | **၁၈,၂၂၂. ၀၈၄** | | | | | | | | **၁၈,၂၂၂. ၀၈၄** |
| | | ပေါင်း | | **၈,၁၁၉. ၉၆၇** | | **၁၉,၄၉၆. ၄၇၈** | **၁,၀၀၀. ၀၀၀** | | | **၂၀၉,၉၁၄. ၁၉၈** | | | | **၂၃၈,၅၃၀. ၆၄၃** |

ဇယား (၄)
(ကျပ်သန်းပေါင်း)

## တိုင်းဒေသကြီးအဆင့်ဝန်ကြီးဌာနများ၊ ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အရေးပေါ်ရန်ပုံငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုစုပေါင်း |
| | | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| **၁** | | **ပြည်ထဲရေး** | **တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ** | **၄,၇၉၃. ၅၆၀** | | | | **၃,၅၁၇. ၂၅၄** | | | | **၈,၃၁၀. ၈၁၄** |
| | ၁ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | ၃၆၂. ၃၈၀ | | | | ၂၁. ၂၀၀ | | | | ၃၈၃. ၅၈၀ |
| | ၂ | မီးသတ်ဦးစီးဌာန | | ၄,၄၃၁. ၁၈၀ | | | | ၃,၄၉၆. ၀၅၄ | | | | ၇,၉၂၇. ၂၃၄ |
| **၂** | | **ပြည်ထောင်စုအစိုးရအဖွဲ့ရုံး** | **၎င်း** | **၁၄,၄၇၅. ၉၇၅** | | | | **၁,၂၇၉. ၂၃၈** | | | | **၁၅,၇၅၅. ၂၁၃** |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | ၁၄,၄၇၅. ၉၇၅ | | | | ၁,၂၇၉. ၂၃၈ | | | | ၁၅,၇၅၅. ၂၁၃ |
| **၃** | | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း** | **၎င်း** | **၈,၂၈၈. ၃၈၉** | | | | **၂,၅၂၄. ၃၅၆** | | | | **၁၀,၈၁၂. ၇၄၅** |
| | ၁ | စိုက်ပျိုးရေးဦးစီးဌာန | | ၄,၄၃၁. ၁၂၅ | | | | ၁,၇၈၈. ၈၇၅ | | | | ၆,၂၂၀. ၀၀၀ |
| | ၂ | ငါးလုပ်ငန်းဦးစီးဌာန | | ၅၁၀. ၁၆၇ | | | | ၁၃၁. ၅၀၀ | | | | ၆၄၁. ၆၆၇ |
| | ၃ | မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | | ၁,၂၄၇. ၀၀၀ | | | | ၁၁၈. ၅၀၀ | | | | ၁,၃၆၅. ၅၀၀ |
| | ၄ | သမဝါယမဦးစီးဌာန | | ၁,၉၁၅. ၄၀၄ | | | | ၉၇. ၀၂၂ | | | | ၂,၀၁၂. ၄၂၆ |
| | ၅ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | ၁၈၄. ၆၉၃ | | | | ၃၈၈. ၄၅၉ | | | | ၅၇၃. ၁၅၂ |
| **၄** | | **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | **၎င်း** | **၄,၇၉၈. ၇၇၈** | | | | **၆၆၅. ၁၁၅** | | | | **၅,၄၆၃. ၈၉၃** |
| | ၁ | သစ်တောဦးစီးဌာန | | ၃,၂၃၄. ၉၀၂ | | | | ၃၆. ၄၀၀ | | | | ၃,၂၇၀. ၃၀၂ |
| | ၂ | အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန | | ၁,၁၅၄. ၂၆၃ | | | | ၄၂၀. ၇၉၅ | | | | ၁,၅၇၅. ၀၅၈ |
| | ၃ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | | ၃၇၀. ၂၇၆ | | | | ၂၀၇. ၉၂၀ | | | | ၅၇၈. ၁၉၆ |
| | ၄ | သတ္တုတွင်းဦးစီးဌာန | | ၃၉. ၃၂၇ | | | | | | | | ၃၉. ၃၂၇ |
| **၅** | | **ကျန်းမာရေးနှင့် အားကစား** | **၎င်း** | **၁,၄၂၁. ၂၂၇** | | | | **၁,၆၉၆. ၄၀၀** | | | | **၃,၁၁၇. ၆၂၇** |
| | ၁ | အားကစားနှင့် ကာယပညာဦးစီးဌာန | | ၁,၄၂၁. ၂၂၇ | | | | ၁,၆၉၆. ၄၀၀ | | | | ၃,၁၁၇. ၆၂၇ |
| **၆** | | **စီမံကိန်းနှင့် ဘဏ္ဍာရေး** | **၎င်း** | **၁,၇၅၃. ၉၁၀** | **၁,၀၀၀. ၀၀၀** | | | **၁၁၅. ၅၈၅** | | | | **၂,၈၆၉. ၄၉၅** |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | ၁,၃၉၂. ၁၆၇ | | | | ၆၈. ၇၈၅ | | | | ၁,၄၆၀. ၉၅၂ |
| | ၂ | ဗဟိုစာရင်းအင်းအဖွဲ့ | | ၂၁၂. ၉၆၅ | | | | ၃၇. ၆၆၀ | | | | ၂၅၀. ၆၂၅ |
| | ၃ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | ၁၄၈. ၇၇၈ | ၁,၀၀၀. ၀၀၀ | | | ၉. ၁၄၀ | | | | ၁,၁၅၇. ၉၁၈ |
| **၇** | | **ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး** | **၎င်း** | **၈၈. ၂၅၅** | | | | **၃၄. ၃၉၅** | | | | **၁၂၂. ၆၅၀** |
| | ၁ | ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | | ၈၈. ၂၅၅ | | | | ၃၄. ၃၉၅ | | | | ၁၂၂. ၆၅၀ |
| **၈** | | **ဆောက်လုပ်ရေး** | **၎င်း** | **၁၃,၉၇၉. ၇၈၃** | | | | **၇၄,၆၈၁. ၆၇၀** | | | | **၈၈,၆၆၁. ၄၅၃** |
| | ၁ | မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | ၃၆၆. ၈၆၃ | | | | ၆,၃၀၀. ၀၀၀ | | | | ၆,၆၆၆. ၈၆၃ |
| | ၂ | လမ်းဦးစီးဌာန | | ၁၂,၆၂၂. ၂၁၅ | | | | ၄၁,၃၀၇. ၁၇၀ | | | | ၅၃,၉၂၉. ၃၈၅ |
| | ၃ | ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန | | ၉၉၀. ၇၀၅ | | | | ၂၇,၀၇၄. ၅၀၀ | | | | ၂၈,၀၆၅. ၂၀၅ |
| **၉** | | **စည်ပင်သာယာရေးအဖွဲ့များ** | **၎င်း** | **၁၁,၈၃၉. ၈၇၂** | | | | **၁၇,၁၃၃. ၄၉၉** | | | | **၂၈,၉၇၃. ၃၇၁** |
| | | **ပေါင်း** | | **၆၁,၄၃၉. ၇၄၉** | **၁,၀၀၀. ၀၀၀** | | | **၁၀၁,၆၄၇. ၅၁၂** | | | | **၁၆၄,၀၈၇. ၂၆၁** |

## တိုင်းဒေသကြီးအဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား (၅)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | ကြွေးမြီ | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများမှရငွေ | အခြားသာမန် ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ထုတ်ချေးငွေ အတွက် ပြန်ရငွေ | ချေးယူရငွေ | အဖွဲ့အစည်း များတွင် ရင်းနှီးငွေမှ ရငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | **လျှပ်စစ်နှင့် စွမ်းအင်** | **တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ** | | | **၂၂. ၀၀၀** | | | | | | | **၂၂. ၀၀၀** |
| | လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | | | | ၂၂. ၀၀၀ | | | | | | | ၂၂. ၀၀၀ |
| | **ပေါင်း** | | | | **၂၂. ၀၀၀** | | | | | | | **၂၂. ၀၀၀** |

ဇယား (၆)
(ကျပ်သန်းပေါင်း)

## တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုစုပေါင်း |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | **လျှပ်စစ်နှင့် စွမ်းအင်** | **တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ** | **၂၃၅. ၁၇၄** | | | **၂၃,၀၀၀. ၀၀၀** | | | | **၂၃,၂၃၅. ၁၇၄** |
| | လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | | ၂၃၅. ၁၇၄ | | | ၂၃,၀၀၀. ၀၀၀ | | | | ၂၃,၂၃၅. ၁၇၄ |
| | **ပေါင်း** | | **၂၃၅. ၁၇၄** | | | **၂၃,၀၀၀. ၀၀၀** | | | | **၂၃,၂၃၅. ၁၇၄** |

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၁ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၅ ရက် ( ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂၄ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

**အမိန့်ကြော်ငြာစာ (၉၉/၂၀၁၉)**

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၁၄ ရက်
(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်)

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့၊ ရွှေမင်းဝံရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၇၉၇/ရွာထောင်အရှေ့)၊ မြေကွက်အမှတ် (၁၅၅/၇၇၂) ရှိ **မြေဧရိယာ ၀. ၃၇၃ ဧက** အား **ဓမ္မာလင်္ကာရကျောင်းတိုက်** သာသနာမြေအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံမြေနှင့် အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

**အမိန့်ကြော်ငြာစာ (၁၀၀/၂၀၁၉)**

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၇ ရက်
(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်)

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ဂန့်ဂေါမြို့နယ်၊ စပယ်ကျေးရွာအုပ်စု၊ ကွင်းအမှတ်နှင့် အမည် (၂၃၁/၁၁၄-ခ၊ စပယ်ရွာမကွင်း)၊ မြေကွက်အမှတ် (၁၂၇)၊ **မြေဧရိယာ ၆. ၀၀ ဧက** အား **စပယ်ကျေးရွာဘုန်းတော်ကြီးကျောင်း** သာသနာ့မြေအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံမြေနှင့် အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

**အမိန့်ကြော်ငြာစာ (၁၀၁/၂၀၁၉)**

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ဂန့်ဂေါမြို့နယ်၊ ပနန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်နှင့် အမည် (၂၃၁/၁၁၄-က၊ ပနန်းရွာမကွင်း)၊ မြေကွက်အမှတ် (၆၂)၊ **မြေဧရိယာ ၃. ၂၁ ဧက** အား **ပနန်းကျေးရွာဘုန်းတော်ကြီးကျောင်း** သာသနာ့မြေအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံမြေနှင့် အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

**အမိန့်ကြော်ငြာစာ (၁၀၂/၂၀၁၉)**

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ဂန့်ဂေါမြို့နယ်၊ ယင်းမာကျေးရွာအုပ်စု၊ ကွင်းအမှတ်နှင့် အမည် (၂၃၁/၁၁၄-ဂ၊ ယင်းမာရွာမကွင်း)၊ မြေကွက်အမှတ် (၃၄၀)၊ **မြေဧရိယာ ၃. ၂၅ ဧက** အား **ယင်းမာကျေးရွာဘုန်းတော်ကြီးကျောင်း** သာသနာ့မြေအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံမြေနှင့် အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

မြင့်သန်း
ညွှန်ကြားရေးမှူးချုပ်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

## ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်)

၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁ ရက်
(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်)

အမှတ် ၂၄ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်စွဲပါ စာအမှတ်-၁/၁၉၀ (က) (၄) (၃၁၉၇/၂၀၁၉) (လဆ) အရ အောက်ဖော်ပြပါ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ဆည်မြောင်း) မှ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) အဆင့် ဦးစီးမှူး (စက်မှု) များအား လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အဆင့် ဦးစီးအရာရှိ (စက်မှု) ရာထူးသို့ အမှန်တကယ်အလုပ်စတင် ဝင်ရောက်သည့်နေ့မှစ၍ လက်ရှိရုံး၌ပင် ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည်နှင့် မှတ်ပုံတင်အမှတ် | လက်ရှိတာဝန်ထမ်းဆောင်သည့် ရုံးအမည် |
|---|---|---|
| ၁ | ဦးအောင်စိုး<br>၁၂/မဂဒ (နိုင်) ၀၂၉၄၉၁ | လက်ထောက်ညွှန်ကြားရေးမှူး (စက်မှုလုပ်ငန်း) ရုံး၊ တည်ဆောက်ရေး (၈)၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မကွေးမြို့။ |
| ၂ | ဦးစန်းထွန်း<br>၅/ကလတ (နိုင်) ၀၃၄၂၈၆ | ဖြည့်တင်းရေးဌာနခွဲ (၁)၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်)၊ နေပြည်တော်။ |
| ၃ | ဦးမောင်မောင်ဌေး<br>၉/ကဆန (နိုင်) ၀၆၂၂၄၅ | လက်ထောက်ညွှန်ကြားရေးမှူး (စက်မှုလုပ်ငန်း) ရုံး၊ တည်ဆောက်ရေး (၃)၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မကွေးမြို့။ |
| ၄ | ဦးဖိုးအောင်<br>၉/ပမန (နိုင်) ၀၄၆၅၅၈ | လက်ထောက်ညွှန်ကြားရေးမှူး (စက်မှုလုပ်ငန်း) ရုံး၊ တည်ဆောက်ရေး (၅)၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ပျဉ်းမနားမြို့။ |

ဗိုလ်ဗိုလ်ကျော်
ညွှန်ကြားရေးမှူးချုပ်
ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန

## စီမံကိန်းဦးစီးဌာန

၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက်
(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်)

အမှတ် ၂၅ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံကိန်းဦးစီးဌာန၊ အာဆီယံရေးရာ ဌာနခွဲမှ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) အဆင့်ရှိ ညွှန်ကြားရေးမှူး၊ ဒေါ်သန်းသန်းဌေး အား ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂၃ ရက်နေ့မှ ၂၀၂၀ ပြည့်နှစ်၊ မေလ ၂၂ ရက်နေ့အထိ သက်ပြည့်အငြိမ်းစား မယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၈၁ အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

ညွှန်ကြားရေးမှူး ဒေါ်သန်းသန်းဌေး အား အများပြည်သူအကျိုးငှာ ငြင်းပယ်ခွင့်ပြုထားသော ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၀ ပြည့်နှစ်၊ မေလ ၂၃ ရက်နေ့မှ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၂၂ ရက်နေ့အထိ ပြန်လည်ခံစားခွင့်ပြုပြီး ခွင့်ရက်ကုန်ဆုံးသည့် ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၂၃ ရက်နေ့မှစ၍ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ဤပြန်တမ်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄၄၀/၂၀၁၉) အရ ထုတ်ပြန်ခြင်းဖြစ်သည်။

ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား)
မောင်နီ၊ ညွှန်ကြားရေးမှူး
စီမံကိန်းဦးစီးဌာန

## အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန

၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၇ ရက်
(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်)

အမှတ် ၅၁၂။  သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတွင် ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်နေ့၌ ကျင်းပပြုလုပ်သည့် စီမံခန့်ခွဲမှုကော်မတီ၏ (၃၀/၂၀၁၉) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်နှင့် ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်စွဲပါ စာအမှတ်၊ (သစ်တော) ၂ (၂)/၀၈(က) (၄၉၃၉/၂၀၁၉) တို့အရ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ ညွှန်ကြားရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး (သန္တေ) ဦးမြတ်ကောင်းကျော် အား အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာသို့ အလုပ်တာဝန်များစတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်ပြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ အင်ဂျင်နီယာဌာနတွင် တာဝန်ထမ်းဆောင်ရန် အမြဲနေရပ် ပုသိမ်ကြီးမြို့သို့ ပြောင်းရွှေ့နေရာချထားလိုက်သည်။

ငွေးအောင်
ညွှန်ကြားရေးမှူးချုပ်
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန

## ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန
## အမိန့်ကြော်ငြာစာအမှတ် (၈/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၂ ရက်
(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်)

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်စွဲပါ စာအမှတ်၊ စဘစ/ဘဏ္ဍာ-၁/၂/၄-၁ (၈၉၀၁/၂၀၁၉) ခွင့်ပြုချက်အရ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ အောက်ဖော်ပြပါ စိစစ်ရေးမှူး-၂ များအား ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်နေ့ နံနက်ပိုင်းမှစ၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနတွင် ဦးစီးအရာရှိ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) များအဖြစ် တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | စဉ် | အမည် |
|---|---|---|---|
| ၁။ | ဒေါ်ယဉ်မင်းလှ | ၇။ | ဒေါ်မေဆုမွန်အောင် |
| ၂။ | ဒေါ်သင်းသင်းခိုင် | ၈။ | ဒေါ်ရတနာစုကြည် |
| ၃။ | ဒေါ်ခိုင်ခိုင်ထွန်း | ၉။ | ဒေါ်ဝင်းသူဇာဌေး |
| ၄။ | ဒေါ်ယဉ်ငြိမ်းအောင် | ၁၀။ | ဒေါ်နန်းသူဇာ |
| ၅။ | ဒေါ်ဖြိုးမီမီဟန် | ၁၁။ | ဒေါ်သန္တာထွန်း |
| ၆။ | ဒေါ်ခင်ငြိမ်းသံသာ | | |

သီတာထွန်း
ညွှန်ကြားရေးမှူးချုပ်
ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန

# ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၃၅၁/၂၀၁၉)

၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၆ ရက်
(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်)

အောက်ဖော်ပြပါ စာရင်းစစ် (၁) များအား မိမိတို့အမည်နှင့် ယှဉ်တွဲဖော်ပြထားသည့် ရုံးဌာနများတွင် တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်ရက်မှစ၍ ဦးစီးအရာရှိများအဖြစ် တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | ကိုယ်ပိုင်အမှတ် | ထမ်းရွက်ဆဲရုံး | တိုးမြှင့်လိုက်သည့်ရုံး |
|---|---|---|---|---|
| ၁။ | ဒေါ်သန်းသန်းဦး | ၁၀၈၆၄ | ရှမ်းပြည်နယ် | ဖလမ်း |
| ၂။ | ဒေါ်ဥမ္မာဝင်း | ၈၄၃၈ | စစ်ကိုင်းခရိုင် | ထီးချိုင့် |
| ၃။ | ဒေါ်မြင့်မြင့်စန်း | ၉၅၆၃ | မွန်ပြည်နယ် | ကျွန်းစု |
| ၄။ | ဒေါ်အေးအေးမိုး | ၉၁၂၂ | သုံးခွ | အုတ်ဖို |
| ၅။ | ဒေါ်လှလှမြင့် | ၁၀၃၂၃ | မန္တလေးတိုင်းဒေသကြီး | ရမည်းသင်း |
| ၆။ | ဒေါ်ပပမြိုင် | ၈၉၃၆ | မန္တလေးတိုင်းဒေသကြီး | မာန်အောင် |
| ၇။ | ဦးမြင့်ဖော် | ၉၂၂၅ | စစ်ကိုင်းတိုင်းဒေသကြီး | မောင်တော |
| ၈။ | ဒေါ်တင်မာလွင် | ၉၀၀၂ | ကျောက်တံခါး | မြေပုံ |
| ၉။ | ဒေါ်သန်းသန်းငွေ | ၉၉၅၅ | လှိုင်လင်ခရိုင် | ရှမ်းပြည်နယ် |
| ၁၀။ | ဒေါ်မြင့်မြင့်ဝင်း | ၈၄၂၃ | လားရှိုးခရိုင် | နောင်ချို |
| ၁၁။ | ဒေါ်မူမူခိုင် | ၈၁၇၇ | ရန်ကုန်တိုင်းဒေသကြီး | ကျိုင်းတုံ |
| ၁၂။ | ဒေါ်နှောင်းခင်ခင် | ၉၂၆၂ | ပုသိမ် | ကန်ကြီးထောင့် |
| ၁၃။ | ဒေါ်ခင်ယုမော် | ၉၀၃၈ | ကော့သောင်း | ကျောင်းကုန်း |
| ၁၄။ | ဒေါ်မို့မို့အောင် | ၇၆၆၄ | ကမာရွတ် | ပုသိမ် |

## အမိန့်ကြော်ငြာစာအမှတ် (၃၆၃/၂၀၁၉)

၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၇ ရက်
(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်)

အောက်ဖော်ပြပါ စာရင်းစစ် (၁) များအား မိမိတို့အမည်နှင့် ယှဉ်တွဲဖော်ပြထားသည့် ရုံးဌာနများတွင် တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်ရက်မှစ၍ ဦးစီးအရာရှိများအဖြစ် တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | ကိုယ်ပိုင်အမှတ် | ထမ်းရွက်ဆဲရုံး | တိုးမြှင့်လိုက်သည့်ရုံး |
|---|---|---|---|---|
| ၁။ | ဒေါ်ဖြူဖြူအောင် | ၉၁၇၂ | ကောလင်း | ကသာ |
| ၂။ | ဒေါ်ဝင်းဝင်းခိုင် | ၁၀၀၇၉ | ဟသ်ာတခရိုင် | တန့်ယန်း |
| ၃။ | ဒေါ်စန္ဒာမိုး | ၈၂၂၁ | ရန်ကုန်တိုင်းဒေသကြီး | ဒေးဒရဲ |

## အမိန့်ကြော်ငြာစာအမှတ် (၃၇၂/၂၀၁၉)

၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၉ ရက်
(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်)

အောက်ဖော်ပြပါ စာရင်းစစ် (၁) များအား မိမိတို့အမည်နှင့် ယှဉ်တွဲဖော်ပြထားသည့် ရုံးဌာနများတွင် တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်ရက်မှစ၍ ဦးစီးအရာရှိများအဖြစ် တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | ကိုယ်ပိုင်အမှတ် | ထမ်းရွက်ဆဲရုံး | တိုးမြှင့်လိုက်သည့်ရုံး |
|---|---|---|---|---|
| ၁။ | ဒေါ်တင်တင်မြိုင် | ၈၂၀၃ | သာကေတ | ဇီးကုန်း |
| ၂။ | ဒေါ်စိုးမိုးမြင့် | ၈၆၂၁ | ပဲခူးတိုင်းဒေသကြီး | ငါန်းဇွန် |

နိုင်သက်ဦး
အမြဲတမ်းအတွင်းဝန်
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၁ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၅ ရက် ( ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂၄ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

### DECO - TBSP SOLUTIONS CO., LTD

(အစုရှင်များ၏ ဆန္ဒအရ ဖျက်သိမ်းဆဲ)

နောက်ဆုံးအစည်းအဝေး ဖိတ်ကြားခြင်း

**DECO - TBSP SOLUTIONS CO., LTD** ကို အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း ဖြစ်၍ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ ၃၅၇ (က) (ခ) တို့နှင့်အညီ အစုရှင်များ၏ အပြီးသတ်နောက်ဆုံး အစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

နေ့ရက် ။ ။ ၃၀. ၂. ၂၀၂၀

အချိန် ။ ။ နံနက် (၁၀း၀၀) နာရီ

နေရာ ။ ။ တိုက် (၆)၊ အခန်း (၃၂၃)၊ ကျိုက္ကဆံအိမ်ရာ၊ မာလာနွယ်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

အဆိုပါ အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ရှင်းလင်းချက်များနှင့် အစီရင်ခံစာကို တင်ပြအတည်ပြုမည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များအားလုံး မပျက်မကွက်တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ဦးစိန်ဝင်း
(B.Com, R.A, CPA)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
Top Sein Win & Associate Consulting Ltd
တိုက် (၆)၊ အခန်း (၃၂၃)၊ ကျိုက္ကဆံအိမ်ရာ၊
မာလာနွယ်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁-၈၆၀၃၇၆၀

**Mizzima Myanmar Development Group Company Limited**

(အစုရှယ်ယာရှင်များ၏ ဆန္ဒအရ ဖျက်သိမ်းဆဲ)

နောက်ဆုံးအစည်းအဝေး ဖိတ်ကြားခြင်း

**Mizzima Myanmar Development Group Company Limited** ကို အစုရှယ်ယာရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းဖြစ်၍ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ (၃၅၇) နှင့်အညီ အစုရှင်များ၏ အပြီးသတ် နောက်ဆုံးအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။

နေ့ရက် ။ ။ ၂၅. ၂. ၂၀၂၀

အချိန် ။ ။ နံနက် (၁၀း၀၀) နာရီ

နေရာ ။ ။ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိရုံးခန်း၊ တိုက်အသစ် (၂)၊ အခန်း (၄)၊ ဖဆပလ အိမ်ရာ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။

အဆိုပါ အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ရှင်းလင်းချက်များနှင့် အစီရင်ခံစာကို တင်ပြအတည်ပြုမည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များအားလုံး မပျက်မကွက်တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ဦးသန်းအောင်
(B.Com, CPA, D.C.Sc)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
09 - 443244225

Notice Under Section 208 (E) Myanmar Companies Act

**Bayint Naung - Yi Dong Yang Company Limited**

(Members Voluntary Winding-up)

Invitation to Final Meeting

A final meeting of **Bayint Naung - Yi Dong Yang Co., Ltd** will be held on (23.2.2020) Corner of New University Avenue & Saya San Road, 2nd Floor, Co-operative Business Centre Bahan Township, Yangon Region, Myanmar-

- Liquidator's report and return will be presented at the meeting.
- All members are invited to attend.

U Zin Wai
(B.Com, CPA)
Liquidator

## KYAW SOE LWIN GEMS & JEWELLERY COMPANY LIMITED
ဖျက်သိမ်းရန် ကြော်ငြာချက်

၁။ **KYAW SOE LWIN GEMS & JEWELLERY COMPANY LIMITED** ကို အစုရှင်များ၏ဆန္ဒအလျောက် ဖျက်သိမ်းရန် (၂၀. ၁. ၂၀၂၀) နေ့က ကုမ္ပဏီရုံးခန်းတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအရပ်ရပ်အစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ၎င်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် တိုက်အမှတ် (၂၉၅)၊ အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးဇင်ဝေ (၂၁၀) လက်မှတ်ရပြည်သူ့စာရင်းကိုင်အား ခန့်အပ်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့် ရရန်ရှိသည်များကို တစ်လအတွင်း ဦးဇင်ဝေ (၂၁၀) လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

U Mar Kaw Kyone
Managing Director
Kyaw Soe Lwin Gems & Jewellery Co., Ltd

ဦးဇင်ဝေ
[B.Com (AA), CPA (210)]
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

Notice Under Section 208 (E) Myanmar Companies Act

## GLACC - German Language and Consulting Centre Limited

(Members Voluntary Winding-up)

Invitation to Final Meeting

A final meeting of **GLACC - German Language and Consulting Centre Limited** will be held on (24.2.2020) No. 228, 25th Street (between 64th and 65th Street) Maharzayaybon Qtr, Aungmyaytharzan Township, Mandalay Region, Myanmar-

- Liquidator's report and return will be presented at the meeting.
- All members are invited to attend.

U Zin Wai
(B. Com, CPA)
Liquidator

## လီလီယံ မာရီတိုင်း ကုမ္ပဏီလီမိတက်
## (LILIAN MARITIME COMPANY LIMITED)

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ
ကုမ္ပဏီကို အစုရှယ်ယာရှင်များ ဆန္ဒအလျောက်ဖျက်သိမ်းရန် ကြော်ငြာခြင်း

၁။ **လီလီယံ မာရီတိုင်း ကုမ္ပဏီလီမိတက်** အစုရှယ်ယာရှင်များ၏ဆန္ဒအရ အလိုအလျောက်ဖျက်သိမ်းရန် (၂၈. ၆. ၂၀၁၉) နေ့က ကုမ္ပဏီရုံးခန်းတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအထူးအစည်းအဝေးမှ ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် တိုက် (၅)၊ အခန်း (၂၀၅)၊ သီရိမင်္ဂလာအိမ်ရာ၊ ကမ်းနားလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်သဥ္ဇာဇော် အထက်တန်းရှေ့နေအား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့် ရရန်ရှိသည်များကို (၁) လအတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်နိုင်ရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| Daw Khine Khine U | ဒေါ်သဥ္ဇာဇော် |
| Managing Director | (စဉ်-၂၃၅၅၀) |
| LILIAN MARITIME COMPANY LIMITED | အထက်တန်းရှေ့နေ |
| | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |

## စီ ပီ ကုမ္ပဏီလီမိတက်
## (C.P COMPANY LIMITED)

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ
ကုမ္ပဏီကို အစုရှယ်ယာရှင်များ ဆန္ဒအလျောက်ဖျက်သိမ်းရန် ကြော်ငြာခြင်း

၁။ **စီ ပီ ကုမ္ပဏီလီမိတက်** အစုရှယ်ယာရှင်များ၏ဆန္ဒအရ အလိုအလျောက်ဖျက်သိမ်းရန် (၂၈. ၆. ၂၀၁၉) နေ့က ကုမ္ပဏီရုံးခန်းတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအထူးအစည်းအဝေးမှ ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် တိုက် (၅)၊ အခန်း (၂၀၅)၊ သီရိမင်္ဂလာအိမ်ရာ၊ ကမ်းနားလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်သဥ္ဇာဇော် အထက်တန်းရှေ့နေအား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့် ရရန်ရှိသည်များကို (၁) လအတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်နိုင်ရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| Daw Khine Khine U | ဒေါ်သဥ္ဇာဇော် |
| Managing Director | (စဉ်-၂၃၅၅၀) |
| C.P COMPANY LIMITED | အထက်တန်းရှေ့နေ |
| | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |

## ENGLISH PROFESSIONAL & TECHNICAL SERVICES COMPANY LIMITED

ဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍
နောက်ဆုံးအစည်းအဝေး ခေါ်ယူခြင်း

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၃၅၇ (က) အရ၊ ဖျက်သိမ်းဆဲ **ENGLISH PROFESSIONAL & TECHNICAL SERVICES COMPANY LIMITED** ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါ၍ အစုရှင်များ၏ သဘောတူညီချက်ကို ရရှိရန်ရှိသဖြင့် အစုရှင်အားလုံး တက်ရောက်ကြရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးကျင်းပမည့်နေ့ - ၂၄. ၂. ၂၀၂၀

အစည်းအဝေးကျင်းပမည့်အချိန် - နံနက် (၉း၀၀) နာရီ

အစည်းအဝေးကျင်းပမည့်နေရာ - တာဝါ (ဘီ)၊ အခန်း (၈၀၁)၊ (၈) လွှာ၊ လမ်း (၅၀) ကွန်ဒို၊ မဟာဗန္ဓုလလမ်းနှင့် ကုန်သည်လမ်းကြား၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

ဒေါ်အေးသီတာ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## MYA ZAW COMPANY LIMITED

ဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍
နောက်ဆုံးအစည်းအဝေး ခေါ်ယူခြင်း

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၃၅၇ (က) အရ၊ ဖျက်သိမ်းဆဲ **MYA ZAW COMPANY LIMITED** ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါ၍ အစုရှင်များ၏ သဘောတူညီချက်ကို ရရှိရန်ရှိသဖြင့် အစုရှင်အားလုံးတက်ရောက်ကြရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးကျင်းပမည့်နေ့ - ၂၄. ၂. ၂၀၂၀

အစည်းအဝေးကျင်းပမည့်အချိန် - နံနက် (၉း၃၀) နာရီ

အစည်းအဝေးကျင်းပမည့်နေရာ - တာဝါ (ဘီ)၊ အခန်း (၈၀၁)၊ (၈) လွှာ၊ လမ်း (၅၀) ကွန်ဒို၊ မဟာဗန္ဓုလလမ်းနှင့် ကုန်သည်လမ်းကြား၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

ဒေါ်အေးသီတာ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

ပ၊ ထ၊ န - အမှတ် ၅၄၃/၁၉/ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန/စောင်ရေ - ၂၀၀၀/၂၄-၁-၂၀၂၀။